မင်းဘူးမြို့
ခေတ်တော်ကုန်း ရိပ်သာ၌ သီတင်းသုံးတော်မူသော
စတုသစ္စ ဒဠှီကမ္မ ကထာ ကျမ်းပြု
ဘဒ္ဒန္တရေဝတ အမည်ရှိသော
သစ္စဒီပက ဆရာတော်သည်
စီရင်ရေးသားအပ်သော

# ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာတဗ္ဗ ကထာ

ရန်ကုန်မြို့၊ သုဓမ္မဝတီစာပုံနှိပ်တိုက်။
၁၃၁၉ - ခု။

T. 813

၁၁၄၄၁

သောတာပန် တည်လိုသော ဥပါသကာ ဥပါသိကာတို့အား
သစ္စာကို သိမြင်၍ သောတာပတ္တိမဂ်ကို တားမြင်သော
ဒိဋ္ဌဓမ္မိကတ္ထကို လျှင်မြန်စွာ ပယ်ဖျောက်နိုင်စေခြင်းငှါ
မင်းဘူးမြို့ ခေတ်တော်ကုန်း၌ သီတင်းသုံးခဲ့သော
စတုသစ္စဒဋ္ဌိကမ္မကထာ ကျမ်းပြု

**ဘဒ္ဒန္တရေဝတ အမည်ရှိသော**

**သစ္စဒီပက ဆရာတော်သည်**

စီရင်ရေးသားအပ်သော

# ဒိဋ္ဌ ဓမ္မိကတ္ထ ပယာဂတ္ထု ကထာ

ဤစာအုပ်ကို ဓမ္မဒါနပြုလိုသူများအား ပုံနှိပ်လှူဒါန်းရန်
ခွင့်ပြုပါသည်။

(မူပိုင်-ရဲစိုးမြင့်)

စတုတ္ထ ပုံနှိပ်ခြင်း စာအုပ်ရေ-၁၅၀၀

**သုဓမ္မဝတီစာပုံနှိပ်တိုက်**

တိုက်နံပါတ်-၅၅ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၈၁၃ (က)

# ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာသတမ္ဘ ကထာ

## မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | အဘိယာစကနိဒါန်း .... .... .... | ၁ |
| ၂။ | မဂ်သို့ရောက်နည်း ဝါဒအမျိုးမျိုး .... .... | ၃ |
| ၃။ | ပေါက္ခရသာတိပုဏ္ဏားကြီးဝတ္ထု .... .... | ၅ |
| ၄။ | ပဏာမ .... .... .... | ၇ |
| ၅။ | ဤကျမ်း၏ အဓိပ္ပါယ်အကျဉ်း .... .... | ၇ |
| ၆။ | ဒိဋ္ဌိ ဝိစိကိစ္ဆာပယ်ရန် အမေးအဖြေ .... | ၁၀ |
| ၇။ | မိစ္ဆာဒိဋ္ဌိ အမေးအဖြေ • .... .... | ၁၅ |
| ၈။ | ဒိဋ္ဌိဖြစ်ပေါ်ခြင်း အရင်းမူလ .... .... | ၁၇ |
| ၉။ | ဒိဋ္ဌိပယ်နည်း အမေးအဖြေ .... .... | ၁၉ |
| ၁၀။ | အနတ္တအင်္ဂါ ၄-ပါး .... .... | ၂၁ |
| ၁၁။ | ကာရက, ဝေဒက ဒိဋ္ဌိချုပ်စေရန် လက်သယ်ကို ပြခြင်း .... .... .... .... | ၂၃ |
| ၁၂။ | သင်္ခါရ ၄-မျိုး အဓိပ္ပါယ် .... .... | ၂၇ |
| ၁၃။ | မဂ်သို့ရောက်ကြောင်း ကမ္မဋ္ဌာန်း .... .... | ၂၈ |
| ၁၄။ | ဒွတ္တိံသာကာရကို ပရိကံပြုရုံဖြင့် ဝင်္ဂီသပုဏ္ဏားကြီး ရဟန္တာဖြစ်ပုံ .... .... .... | ၂၉ |
| ၁၅။ | အရှင် သောဏထေရ်၏ တပည့် ၁၅၀၀-တို့ မဂ်ဖိုလ် သို့ရောက်ကြပုံ .... .... .... | ၃၀ |
| ၁၆။ | ဒွတ္တိံသာကာရကို ပွားပုံ .... .... | ၃၂ |
| ၁၇။ | ပုထုဇဉ်တို့သတ္တ ဇီဝဟု ယူခြင်းအကြောင်း .... | ၃၆ |
| ၁၈။ | ဝိစိကိစ္ဆာ ပဟာသတမ္ဘ ကထာ .... .... | ၃၈ |
| ၁၉။ | သုတ္တန်နည်း ဝိစိကိစ္ဆာ ၁၆-ပါး .... .... | ၃၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၂၀။ | အဘိဓမ္မာနည်း ဝိစိကိစ္ဆာပယ်ပုံ .... | ၄၃ |
| ၂၁။ | လောကီ, လောကုတ်, သစ္စာ ၂-ပါး အာရုံ အာရမ္မဏိက ရှုပုံ .... .... .... | ၄၈ |
| ၂၂။ | သာသနာ ၃-ရပ် အဓိပ္ပါယ် .... .... | ၄၉ |
| ၂၃။ | ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်ပုံ .... .... | ၅၁ |
| ၂၄။ | မဂ္ဂ ဝီထိကျပုံ .... .... .... | ၅၃ |
| ၂၅။ | သစ္စာ ၄-ပါး ထင်လွယ်ရန် အမေးအဖြေ .... | ၅၄ |
| ၂၆။ | အကျဉ်းအားဖြင့် ရှုနည်း .... .... | ၅၈ |
| ၂၇။ | နိဗ္ဗာန်ကို ပြဆိုပုံအမျိုးမျိုး .... .... | ၆၁ |
| ၂၈။ | နိဗ္ဗာန်ရောက်ပုံ မျက်မှောက်ပြုပုံ .... .... | ၆၄ |
| ၂၉။ | အကြောင်းနှင့် အကျိုး .... .... | ၆၆ |
| ၃၀။ | ဝဋ် ၃ ပါးဖြစ်ပုံ ချုပ်ပုံ .... .... | ၇၂ |
| ၃၁။ | ကိလေသဝဋ်၏ အဓိပ္ပါယ် .... .... | ၇၅ |
| ၃၂။ | တရားဟော, တရားနာပုဂ္ဂိုလ်တို့တာဝန် .... | ၇၆ |
| ၃၃။ | အဂ္ဂိဒတ္တ ရသေ့ကြီးအား တရားဟောပုံ .... | ၇၉ |
| ၃၄။ | ဝတ္ထုသာဓက .... .... .... | ၈၁ |
| ၃၅။ | ရာဟုလာအား ဘုရားဟောပုံ .... .... | ၈၂ |
| ၃၆။ | သောတာပန်တို့၏ သမာဓိခိုင်မြဲပုံ .... .... | ၉၉ |
| ၃၇။ | အရိယ၊ခန္ဓာ ရမှသာ အားထားရပုံ .... | ၁၀၀ |
| ၃၈။ | အက္ခရာ ၉ လုံးဖြင့် ဟောပုံ .... .... | ၁၀၃ |
| ၃၉။ | နိဂုံးအဓိပ္ပါယ် .... .... .... | ၁၀၄ |
| ၄၀။ | ကျမ်းပြုပုဂ္ဂိုလ်၏ မေတ္တာကထာ .... .... | ၁၀၉ |
| ၄၁။ | ကျမ်းပြီးနိဂုံး ဂါထာ .... .... | ၁၁၁ |



စတုသစ္စဒဋ္ဌိကမ္မကထာကျမ်း နှင့် နိဗ္ဗာန သစ္ဆိကရဏီယကျမ်းပြု

အရှင် ဘဒ္ဒန္တ ရေဝတ အမည်ရှိသော သစ္စဒီပက

ဆရာတော်

# အဘိယာစကာ နိဒါန်း

ရန်ကုန်မြို့ ပြည်ထဲရေးနှင့် သာသနာရေးဌာန အတွင်းဝန် သရေစည်သူ ဦးချမ်းသာနှင့် မင်းကတော် ဒေါ်သစ်သစ်တို့က သံသရာမှ နိဗ္ဗာန်သို့ထွက်ရန် အလိုရှိကြသော ယောဂီပုဂ္ဂိုလ် တို့အား ထိုထွက်ရပ်ကို တားမြစ်တတ်သော၊ တနည်း သောတာပတ္တိမဂ်ကို တားမြစ်တတ်သော ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ပယ်ဖျောက်မှု၌ ဝန်မလေးစေဘဲ လျင်မြန်စွာ ဉာဏ်အမြင် ပေါက်ရောက် နိုင်ကြောင်း ဖြစ်သော တပည့်တော် တပည့်တော်မတို့ အားလည်း ပဋိဝေဓ သာသနာပြု ဒါယကာအဖြစ်သို့ ရောက်ကြောင်းဖြစ်သော ကထာကို ရေးသားချီးမြှင့်ပါမည့် အကြောင်း လျှောက်ထားတောင်းပန်ချက်အရ၊ မူလနေရင်း မင်းဘူးမြို့ ခေတ်တော်ကုန်းရိပ်သာ၌ သီတင်း သုံး၍၊ ယခု ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း အမှတ် ၃၃-၌ သီတင်းသုံးလျက်ရှိသော စတုသစ္စဒဋ္ဌိကမ္မကထာ သစ္စဒီပကကထာ သောတာပတ္တိမဂ္ဂကထာများကို ရေးသားပုံနှိပ် ထုတ်ဝေခဲ့ပြီးသော ဘဒ္ဒန္တ ရေဝတအမည်ရှိသော ပဋိဝေဓ သာသနာပြု သစ္စဒီပက ဆရာတော်သည် လာဘ သက္ကာရ စသော မသင့်သောနှလုံးသွင်းမှုတို့ကို နှစ်စေလျက် မြတ်စွာဘုရား အလိုတော်အရမေတ္တာပုဗ္ဗင်္ဂမဖြင့် ဤကျမ်းကို ရေးသားရပေသတည်း။

မြတ်စွာဘုရား အလိုတော်ကား။ သနာထာ ဘိက္ခဝေ ဘဝထ မာ အနာထာ။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းတို့။ ဝါ၊ သူတော်ကောင်းအပေါင်းတို့။ သနာထာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသော ကိုးကွယ်ရာ မှီရာ တည်ရာ သက်သာရာ လွတ်လပ်ခွင့် ရကြကုန်သည်။ ဘဝထ၊ ဖြစ်ကြကုန်လော။ အနာထာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ဟူသော ကိုးကွယ်ရာ မဲ့ကြကုန်သည်။ ဝါ၊ မရှိကြကုန်သည်။ မာဘဝထ၊ မဖြစ်ကြကုန်လင့်။

ဤသို့ မြတ်စွာဘုရား အလိုတော်အရ၊ သစ္စာမြင်သိမှု ဟူသော အားထားရာကိုရကြစေခြင်းငှါ၊ ဤဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာတဗ္ဗကထာကို ရေးသားရပေသတည်း။ ထိုသို့ရေးသားပြုသည့်အတိုင်း ကြည့်ရှုမှတ်သား အသင့် နှလုံးသွင်းသောအားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လျှင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သော်။

အဘိယာစက နိဒါန်း ဥယျောဇဉ်များ ပြီးပြီ။

---

## ဤကျမ်းကို ပြုစုအောင်မြင်ခြင်း မူလစေတနာ နိဒါန်းကိုလည်း ပြဦးအံ့

ပြုစုထုတ်ဝေခဲ့ပြီးသော စတုသစ္စဒိဋ္ဌိကမ္မကထာ, သစ္စဒီပကကထာ, သောတာပတ္တိ မဂ္ဂကထာ ကျမ်းများသည် နိဗ္ဗာန်ဟူသော ထွက်ရပ်ကို အလိုရှိသော ယောဂီပုဂ္ဂိုလ်တို့အား ဒိဋ္ဌိ ဝိစိကိစ္ဆာကို သစ္စာမြင်သိခြင်းဖြင့် ချုပ်စေ၍

သောတာပတ္တိမဂ်ကို ရှေးဦးပဌမ ရကြစေရန် ရည်သန် ရင်းပင်တည်း။

ယခု ဤကျမ်းသည်လည်း၊ ရင်းနည်းပင် ပဌမ မဂ်ကို လျင်စွာ ရစေလိုသော ဆန္ဒပင်တည်း။ အဘယ့်ကြောင့် ဤကဲ့သို့ ပဌမမဂ်ကို ရခြင်းငှါသော နည်းအမျိုးမျိုးတို့ဖြင့် ထပ်ခါ ထပ်ခါ ပြသနည်းဟူမူ ထို ပဌမ မဂ်ဉာဏ်ကို ရမှသာလျှင် သံသရာဘေး အပါယ်ဘေးတို့မှ ကင်းလွတ် နိုင်မည်၊ အထက် မဂ်ကိစ္စကိုလည်းပြီးစီးနိုင်မည် ဖြစ်သော ကြောင့် တကြောင်း၊ ထို့ပြင် ထို ပဌမမဂ် ရရန်ကိစ္စမှာ လူ့ဥပါသကာ ဥပါသိကာမများ၌ အထက်မဂ် ရရန်ကိစ္စ များကဲ့သို့ ဝန်မလေးစေဘဲ လျင်စွာမဂ်ရောက် ဖိုလ်ရောက် နိဗ္ဗာန်ပေါက်အကျိုး မဟာဖလများကို ရနိုင်မည်ဖြစ်သော ကြောင့်ရင်း၊ ဤသို့ထပ်ခါထပ်ခါ ရေးသားရပေသတည်း။

---

## မဂ်သို့ ဆိုက်ရောက်နည်း အကျင့်ဝါဒ အမျိုးမျိုး

မဂ်သို့ ဆိုက်ရောက်နည်း အကျင့်ဝါဒ အမျိုးမျိုးရှိပုံ ကိုလည်း ဗဟုသုတ အလို့ငှါ ပြဦးအံ့။

၁။ ဓမ္မစကြာ တရားတော် အရ သစ္စာကိုသိအောင် ပြု၍ မဂ်သို့တက်နည်း။

၂။ သတိပဋ္ဌာန် တရားတော်အရ အားထုတ်၍ မဂ်သို့ တက်နည်း။

၃။ ပဋိစ္စသမုပ္ပါဒ်ကို သစ္စာ ၄-ပါးဖွဲ့၍ မဂ်သို့တက်နည်း။

၄။ သီလ, သမာဓိ, ပညာ, သိက္ခာအစဉ်ဖြင့် သစ္စာသိအောင်ပြု၍ မဂ်သို့ တက်နည်း။

၅။ ဝိပဿနာ ဉာဏ်အစဉ်ဖြင့် သစ္စာသိအောင် ပြု၍ မဂ်သို့တက်နည်း၊ ဤသို့စသည်ဖြင့် နည်းအမျိုးမျိုး ရှိပေသည်၊ သို့ရာတွင် မိမိတို့ စရိုက်အားလျော်စွာ အားထုတ်၍ မဂ်သို့ဆိုက်ရောက်က လိုရင်းကိစ္စ ပြီးစီးနိုင်ပေသည်။

ပဓာနကား မဂ်သို့ ရောက်ရန်သာလျှင် ပဓာနဖြစ်ပေသည်၊ ယခု ဤကျမ်းပြု သစ္စဒီပကဆရာ၏ ဝါဒမှာမူကား၊ မဂ္ဂင်၈ပါး တို့တွင် အချုပ်အချာ ဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်ကိုအမှူးပြု၍ ဓမ္မစကြာတရားတော်အရ၊ သစ္စာသိ၍ မဂ်သို့ ဆိုက်ရောက်နည်းကို ရေးသားပြောဟောလေ့ဝါဒ ရှိပါသည်။ အဘယ့်ကြောင့် ဤနည်းကို အမှီပြုပါသနည်း ဟူမူ၊ ဓမ္မစကြာ၌ ဒုက္ခ ဟူသမျှသည် သမုဒယကြောင့် ဖြစ်၏၊ သမုဒယကို မဂ်ဖြင့်ပယ်သျှင် ဒုက္ခ ချုပ်၏ဟူ၍ သွယ်ဝိုက်ခြင်းမရှိဘဲ သစ္စာ ၄-ပါးကို စကား ၂-ခွန်းဖြင့် တည့်တည့် မတ်မတ် ဘွင်းဘွင်းကြီး ဟောတော်မူသော ဒေသနာ ဖြစ်ပေသည်။ ထို့ကြောင့် ပဉ္စဝဂ္ဂီ ၅-ဦးနှင့် တကွ ၁၈-ကုဋေသော နတ်ဗြဟ္မာတို့ ဓမ္မာဘိသမယ ဖြစ်ကြပါသည်။ ထို့ပြင် ထို ဓမ္မစကြာနည်း အဘိုင်းအကျဉ်း ဟောကာမျှဖြင့် ပေါက္ခရသာတိ ပုဏ္ဏားကြီး

လည်း သောတာပတ္တိမဂ်ကို ရပါသည်။ အကယ်၍ ထို ပုဂ္ဂိုလ်များကဲ့သို့ တခါကြားဖြင့် မဂ်သို့မရောက်စေကာမူ ထိုဓမ္မစကြာ သစ္စာ ၄-ပါးကို ထိတိပိုင်ပိုင် ကျက်မှတ်၍ မသိသောအနက်အဓိပ္ပါယ်များကိုသိသော ပညာရှိများထံ မေးမြန်း၍ အဘန်ဘန် ဆင်ခြင်ပါလျှင်၊ ဝါ၊နေ့ရက်နှစ်လ များစွာ ဆင်ခြင် သုံးသပ်ပါလျှင် အဘယ်မှာလျှင် သောတာပန် မတည်ဘဲ ရှိနိုင်တော့အံ့ နည်းဟု ယုံကြည်ပါသည်။ ထို့ကြောင့် ဓမ္မစကြာအရ သစ္စာဟောနည်းကို အလွန်နှစ်သက်သည့် အတွက် ထို ဓမ္မစကြာနည်း အရ သစ္စာ ၄-ပါး ပြောဟောရေးသားလေ့ဝါဒ ရှိပါ၏ ဟူလို။

---

## ပေါက္ခရသာတိ ပုဏ္ဏားကြီး၏ ဝတ္ထုကို အမြွက်မျှ ပြဦးအံ့

မြတ်စွာဘုရား၏ ကိုယ်ကာယတော်၌ လက္ခဏာတော်များကို အစုံအလင်မမြင်ရမှီက ဘုရားဟုတ်-မဟုတ် ယုံမှားသော ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ကိုယ်ကာယတော်၌ ရှိသော လက္ခဏာတော် အစုံကို မြင်ရသည့်အခါ ဘုရားအမှန်ဟု ဆုံးဖြတ်သဖြင့် ဝိစိကိစ္ဆာ တဒင်္ဂချုပ်သော အခါ မြတ်စွာဘုရားက ဓမ္မစကြာနည်း အတိုင်း သွယ်ဝိုက်ခြင်း မရှိဘဲ တိဘုမ္မိက တရား ဟူသမျှသည် ဒုက္ခသစ္စာသာတည်း၊ တဏှာသည် သမုဒယသစ္စာတည်း၊ တဏှာအကြွင်းမဲ့ ချုပ်ခြင်းသည် ဝါ၊ ချုပ်ရာသည် ဒုက္ခနိရောဓ နိဗ္ဗာန်တည်း၊ သမ္မာဒိဋ္ဌိ

စသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာတည်းဟု ဟောတော်မူရာ၊ တရားအဆုံး၌ သောတာပတ္တိမဂ်သို့ ဆိုက်ရောက်လေတော့၏။ ထို့ကြောင့် ပဥ္စဝဂ္ဂီ အရှင် ၅-ဦးတို့ကိုရင်းပေါက္ခရသာတိ ပုဏ္ဏားကြီး၏ မဂ်သို့ ဆိုက်ရောက်ပုံကိုရင်း အကြောင်းပြု၍ ဤကျမ်းပြု ဆရာသည်လည်း ဓမ္မစကြာနည်းဖြင့် ရေးသားပြောလေ့ဝါဒ ရှိပါ၏ ဟူလို။

မဂ်သို့တက်နည်း ဝါဒအမျိုးမျိုးရှိပုံ ပြဆိုချက် ပြီးပြီ။

# ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာတဗ္ဗ ကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

ရတနတ္တယံ အဟံ ဝန္ဒာမိ။ ။ရတနတ္တယံ၊ ဘုရား, တရား, သံဃာ, ရတနာ မြတ်သုံးပါး အပေါင်းကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

## ဤကျမ်း၏ အဓိပ္ပါယ် အကျဉ်းကား

ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာတဗ္ဗ ကထာ ဟူသည် သစ္စာလေးပါးကိုသိမြင်မှု ယုံမှားပယ်မှုပင်တည်း။ ထို့ကြောင့် ထိုကထာကို မပြုမီ သစ္စာလေးပါး ရေတွက် နည်းကိုရင်း မဂ္ဂသစ္စာ ပွားများမှု အဓိပ္ပါယ်ကိုရင်း ရှေးဦးစွာပြသင့်၏။ ထို့ကြောင့် ပြဦးအံ့။

သစ္စာလေးပါးရေတွက်နည်း။ ဒုက္ခအရိယသစ္စာ၊ ဒုက္ခသမုဒယ အရိယသစ္စာ၊ ဒုက္ခနိရောဓ အရိယ သစ္စာ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ၊ ဤသို့ ပါဠိတော်အရ အက္ခရာ ပြည့်ရုံစွာ ရေတွက် ဆင်ခြင်အပ်၏။ အက္ခရာ မပုံလျှင် အနက်ကို မဆုံးဖြတ်နိုင်၊ ထိုသို့ မဆုံးဖြတ်နိုင်က

လည်း မဂ်ကိုမရနိုင်၊ ဤ၌ အထူး သတိပြုရန်မှာ သစ္စာလေးပါး၏ အစအစ၌ ဒုက္ခ ထည့်၍ထည့်၍ ရေတွက်အပ်၏။ သို့မှသာ နိဗ္ဗာန်ဟူသည် ဇာတိချုပ်သော ဒုက္ခနိရောဓသာတည်းဟု နိဗ္ဗာန်ကို လျင်စွာ မြင်သိနိုင်လတံ့ ဟူလို။ ထို သစ္စာလေးပါးတို့၏ ကိစ္စ အသီးသီး ကိုလည်း သိ, ပယ်,ဆိုက်,ပွား, ဟူသောကထာအရ၊ဒုက္ခသစ္စာ၌သိခြင်းကိစ္စ၊ သမုဒယသစ္စာ၌ ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာ၌ မျက်မှောက်ပြုခြင်း ကိစ္စ၊ မဂ္ဂသစ္စာ၌ ပွားခြင်းကိစ္စ၊ ဤသို့ ကိစ္စလေးပါးကိုလည်း သိအပ်၏။

ထိုကိစ္စ ၄-ပါးတို့တွင် မဂ္ဂသစ္စာ၌ပွားမှုကိုပြဦးအံ့၊သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဓမ္မစကြာအရ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိ ဒုက္ခာ၊မရဏမ္ပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံသံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာတို့ကို ဆင်ခြင်၍နေမှုတရပ်၊ ကာမတဏှာ စသည့်တို့ကြောင့် ဒုက္ခဖြစ်ပုံကို ဆင်ခြင်၍နေမှုတရပ်၊ တဏှာချုပ်လျှင်ဒုက္ခချုပ်၏ဟု ဆင်ခြင်၍ နေမှုတရပ်၊ ထို ၃-ပါးတို့၌ ဟုတ်မှန်စွာ မြင်သိ ဆုံးဖြတ်ခြင်း၌ အဘန်ဘန်ဆင်ခြင်၍ နေမှုတရပ်၊ ဤ -၄-ဌာန၌ ပွားမှုသည် လောကီမဂ္ဂင် ပွားမှု မည်၏။ အဘယ့်ကြောင့်ဆိုသော် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြင့် ပွားရသောကြောင့်တည်း။ ထိုပြင် သောတာပန်ဖြစ်ရန် ကျင့်သည် ဖြစ်စေ၊ သောတာပန် တည်ပြီးနောက်ဖြစ်စေ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဟူသော သီလက္ခန္ဓမဂ္ဂင်နှင့် ပြည့်စုံခြင်း၌ ကာယ ဒုစရိုက်

၃-ပါး ဝစီဒုစရိုက် ၄-ပါးမှ ကြဉ်ရသော ပစ္စည်းဖြင့် အသက်မွေးခြင်း သည်လည်း မဂ္ဂင်ပွားမှုတွင် ပါဝင်၏။ အကျဉ်းအားဖြင့် သောတာပန်တို့မှာ ဒုစရိုက် ၁၀-ပါး တို့တွင် ကာယကံ ၃-ပါး မုသာ-အတ္တဒိဋ္ဌိ ဤ၅-ပါးတို့ ပယ်မှုနှင့် ပြည့်စုံရမည်၊ သေအရက် မသောက်ရ ဟူလို၊ ရဟန်းဖြစ်ခဲ့လျှင် စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံရမည်။

ထိုဒုက္ခ, သမုဒယ, နိရောဓ, ၃-ပါးတို့ကားမဂ်ဉာဏ် ဖြင့် ဒုက္ခအမှန်ဘဲ၊ သမုဒယအမှန်ဘဲ၊ နိရောဓအမှန်ဘဲဟု ဆုံးဖြတ်အပ်သော တရားတို့ မည်ကုန်၏။ ဝါ၊ ဆုံးဖြတ် ခံရသော တရားတို့မည်ကုန်၏။ မဂ်ဉာဏ်ကား ဟုတ်မှန် စွာ ဆုံးဖြတ်တတ်သော တရားမည်ကုန်၏။ ဤသို့ ဆုံးဖြတ် အပ်သော တရားကိုဆုံးဖြတ်တတ်သော မဂ်စိတ်ဖြင့် ဆုံး ဖြတ်လျှင်၊ ဝါ၊ နိဗ္ဗာန်အာရုံပြုသော မဂ်စိတ်ဖြစ်လျှင် ဒုက္ခ သစ္စာကို သိခြင်းကိစ္စ၊ သမုဒယကို ပယ်ခြင်းကိစ္စ၊ နိရောဓ ကို မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွားခြင်းကိစ္စ ဟူသော မဂ်ကိစ္စ ၄-ပါးနှင့်တကွ လောကုတ္တရာ မဂ်ပွား ခြင်းကိစ္စလည်း ပြီးလေတော့၏။

မဂ္ဂသစ္စာ ပွားပုံ အဓိပ္ပါယ် ပြီးပြီ။

---

**ထို့ပြင်သတိပြုရန်အရေးကြီးသောအချက်ကိုလည်း အမေး အဖြေနှင့် ပြဦးအံ့**

**ခမေး။** ပုထုဇဉ်တို့ အဘယ့်ကြောင့် မဂ်ကို မရကြပါ သနည်း။

ဖြေ။ ခန္ဓာ ၅-ပါးကို ငါဘဲငါ့ဥစ္စာဘဲဟုယူသော သက္ကာယ ဒိဋ္ဌိကို မပယ်နိုင်သောကြောင့်မဂ်ကိုမရကြပါ။

မေး။ ထိုဒိဋ္ဌိကို ပယ်နိုင်ရန် အဘယ်သို့ အားထုတ်ရပါမည်နည်း။

ဖြေ။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာတဗ္ဗကထာကိုကြည့်ရှု၍ အားထုတ်ပါ၊ သို့မဟုတ် ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ချုပ်အောင် ဟောဘတ်သော ပညာရှိများထံ ဆည်းကပ်ပါ။

## ထိုဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်ရန် အမေးအဖြေဖြင့် ပြဦးအံ့

မေး။ သောတာပတ္တိ မဂ်ကို အဘယ် တရား တားပါသနည်း။

ဖြေ။ သော တာပတ္တိမဂ်ကို ဒိဋ္ဌိ ဝိစိကိစ္ဆာကိလေသာ ၂-ပါး တားပါသည်။

မေး။ ထိုကိလေသာကို အဘယ်သို့ ပယ်သတ် ရပါမည်နည်း။

ဖြေ။ ထိုကိလေသာ ၂-ပါးအနက် ဒိဋ္ဌိကို ရှေးဦးစွာ ပယ်သင့်ပါသည်။

အဋ္ဌကထာ၌ကား၊ စတုန္နံ အရိယ မဂ္ဂါနံ ဘာဝိတတ္တာ တံတံမဂ္ဂဝတော အတ္တနော အတ္တနော ဌာနေ ဒိဋ္ဌိဂတာနံ ပဟာနာယ ပဌမာယ အာဒိနာ နယေန ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာအရ၊ မဂ် ပယ်စဉ်တွင် သောတာပတ္တိမဂ်၌ ဒိဋ္ဌိကိုရှေးဦးစွာ ပယ်မှု ကိစ္စရှိ၏။ ထို့ကြောင့် ထို ဒိဋ္ဌိ ချုပ်ခြင်း၌ ကျင့်နည်းကို ပြပေတော့အံ့။

ထို ဒိဋ္ဌိ ပဟာတဗ္ဗ ကို မပြမီ ဥဒ္ဒေသ မာတိကာ အကျဉ်းကို ပြသင့်၏။ ထို့ကြောင့်ပြဦးအံ့။

၁။ ခန္ဓာ၌ အို နာ သေမှု မဖြစ်မှုရှိ၏။ သတ္တဝါဟူသမျှ တို့သည် ထို အို နာ သေမှုတို့ကို အလိုမရှိကြပေ။ မအို မနာ မသေမှုကို အလိုရှိကြ၏။ မည်သို့ပင် အလို ရှိကြ သော်လည်း တောင့်တ၍ မရမှုတို့ ကြောင့် ခန္ဓာ၌ အတ္တ လက္ခဏာမရှိ၊ အနတ္တ လက္ခ ဏာ သာရှိ၏ဟု ယထာဘူတအတိုင်း ရှုသော အားဖြင့် ဒိဋ္ဌိကို ခွါအပ်၏။ ဤကား အနတ္တဖြင့် သက္ကာယ ခွါနည်းတည်း။

၂။ တနည်း၊ ဒွတ္တိံသာကာရ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယဟူသော သိတတ်သော သဘောမရှိသော ရုပ်နှင့် သိတတ်မှတ်တတ်ခံစား တတ်သော နာမ်၊ ဤ နာမ်ရုပ် သဘောသာရှိ၏။ ပုဂ္ဂိုလ် သတ္တဝါ သဘောမရှိဟု ယထာဘူတ အားဖြင့် ရှု၍လည်း သက္ကာယဒိဋ္ဌိကို ခွါအပ်၏။ ဤကား နာမ်ရုပ်ဖြင့် သက္ကာယ ခွါနည်းတည်း။

၃။ တနည်း၊ကိစ္စကြီးငယ် ပြုလုပ်ရာ၌ပုဂ္ဂိုလ် သတ္တဝါ တို့ ပြုလုပ်မှု မဟုတ်။ နာမ် ရုပ်တို့ အချင်းချင်း ကျေးဇူးပြု၍ ပြုလုပ်မှု သာတည်းဟု ကာရက ဒိဋ္ဌိဝေဒက ဒိဋ္ဌိကိုခွါအပ်၏။ ကိစ္စကြီးငယ်ကို နာမ် ရုပ် အချင်းချင်း ကျေးဇူးပြု၍ လုပ်၏ဟု ပရမတ္ထ လက်သယ်ရှုနည်းတည်း။

၄။ တနည်း၊ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဟူသော ရုပ် အဋ္ဌ ကလာပ် အပေါင်းအစု၊ ဖဿ, ဝေဒနာ, သညာ စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, နာမ်အပေါင်း အစု၊ ဤသို့ ရူပကာယ နာမကာယ အပေါင်းအစု သာရှိ၏။ အတ္တ သတ္တ သဘောမရှိဟု ယထာဘူတ အရ ရှုခြင်းဖြင့်လည်း အတ္တဒိဋ္ဌိကို ခွါအပ်၏။ ဤကား ရုပ်ကလာပ် နာမ်ကလာပ်ဖြင့် သက္ကာယ ခွါနည်းတည်း။

၅။ တနည်း၊ ပရမတ္ထ သစ္စာအားဖြင့် တဈောကြောင့် ဖြစ်သော ဒုက္ခသစ္စာ နာမ်ရုပ်မျှသာရှိ၏။ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဤသို့အားဖြင့်လည်း သက္ကာယဒိဋ္ဌိ ကို ခွါအပ်၏။ ဤကား ဒုက္ခသစ္စာဖြင့် သက္ကာယ ခွါနည်းတည်း။

၆။ တနည်း၊ ဝိညာဏ် ၆-ပါး ဖြစ်ပေါ်ရန် အမိုးမရမှု အနတ္တကိုလည်း ပညာရှိ မိတ်ဆွေ နှစ်ဦးတို့၏ အမေးအဖြေဖြင့် အတ္တဒိဋ္ဌိ ခွါနည်းကို ပြဦးအံ့။ ဤကား ဝိညာဏ် ၆-ပါးဖြစ်ရန် အမိုးမရ အနတ္တ ဟု ဒိဋ္ဌိခွါနည်းတည်း။

## ပြပုံကား-

မေး။ မိတ်ဆွေမှာ မျက်စိလည်းရှိ၏။ နားလည်းရှိ၏။ သို့ရာတွင် မြင်ခြင်း ကြားခြင်းကို အမိုးရပါ၏ လော။

ဖြေ။ မြင်သိခြင်း ကြားသိခြင်းကို အစိုးမရပါ။ မြင်သိလိုသော်လည်း"စက္ခုလောက၊ရူပထင်ပြီ၊မနသိ၊ ၄-လီ စက္ခုတို့။ သောတာကာသ၊ သဒ္ဒ ထင်ပြီ၊ မနသိ၊ ၄-လီ သောတတို့" စသည်ဖြင့် လယ်တီဆရာတော်ဘုရား ရေးသားသော ကထာအရ၊ အကြောင်း ပြည့်စုံမှသာ မြင်သိခြင်း ကြားသိခြင်းကို ဖြစ်စေပါသည်။အကြောင်း မစုံလျှင် မြင်သိလိုသော်လည်း မမြင်မသိနိုင်ပါ။ ဤခန္ဓာအိမ်ပွါယ်မှာ မျက်စိကလည်း ကောင်းဦးမှ အရောင်အလင်းလည်း ရှိဦးမှ၊ မိမိမြင်သိလိုသော ရူပါရုံအဆင်းကလည်း အကွယ်အကာမရှိဘဲ ရှေ့ရှုတည်မှ၊ နှလုံးသွင်း မနသိကာရလည်း ရှိပါမှ အဆင်းကိုသိသော စက္ခုဝိညာဏ်စိတ် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အဇ္ဈတ္တ၌ မျက်စိဟူသော ကမ္မဇရုပ်ရှိသော်လည်း မြင်သိခြင်းကိုအစိုးမရ အနတ္တသာမှန်ပါသည်။ထို့ပြင်လည်း မျက်စိမှုံခြင်း,မျက်စိနာခြင်း, မျက်စိပျက်ခြင်း စသည် ဖေါက်ပြန်ခြင်းတို့ကို မဖြစ်စေလိုသော်လည်း မဖြစ်စေရန် အစိုးမရပါ။

မေး-ဖြေ။ယင်းသို့ ဖြစ်ခဲ့လျှင် မျက်စိကို ငါပိုင် ငါ့ဟာ ငါ့ဥစ္စာဟု သက္ကာယဒိဋ္ဌိဖြင့် ရှုခြင်း၄ါ သင့်ပါမည်လော။ ထိုသို့ရှုခြင်း၄ါမသင့်ပါ။

မေး-ဖြေ။ယင်းသို့ ကိုယ်ပိုင်မဟုတ်သော မမြဲသော ဆင်းရဲသော အစိုးမရသော အနိစ္စ,ဒုက္ခ,အနတ္တ,တရား

ကို ထပ်ခါထပ်ခါ အလိုရှိသင့်သေး သလော။ အလိုမရှိသင့်တော့ပါ။ လိုချင်မှုကို ပယ်ခြင်းငှါ သာ သင့်ပါတော့သည်။

ထို့ပြင်''သောတာကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ ၄-လီ သောတဝို''အရ နားလည်း မပင်းမှ၊ အပေါက်ဟင်းလင်းရှိဦးမှ၊ သဒ္ဒါရုံလည်း ထင်ဦးမှ နှလုံးသွင်းလည်း ရှိဦးမှ အသံကိုသိသော စိတ်ဖြစ် နိုင်၏- ထို့ကြောင့် အသံကိုသိလိုတိုင်း သိခြင်း ကို အစိုးမရ အနတ္တ မှန်ပါသည်။ ကျန်သော ဃာန, ဇိဝှါ, ကာယ, မနတို့၌လည်း ၎င်းတို့ အကြောင်းစုံမှသာ သိခြင်းဖြစ်နိုင်၏ ဟူလို။ ယင်း သို့ ဖြစ်ခဲ့လျှင် မြင်ခြင်း ကြားခြင်း အနံ့သိခြင်း အရသာသိခြင်း အတွေ့အထိသိခြင်း အကြံသိခြင်း တို့ကား၊အစိုးမရ အနတ္တဖြစ်သောကြောင့် လိုချင် မှုကို ပယ်အပ်၏ ဟူလို။

တနည်း။ ပုဂ္ဂိုလ် သတ္တဝါ သဘောမရှိ၊ ဒွတ္တိံသာ ကာရ စသော နာမ် ရုပ် အပေါင်းအရုမျှသာ ရှိပုံကို၊ မိတ် ဆွေ ၂-ဦးတို့ အမေးအဖြေဖြင့် ပြဦးအံ့။

မိတ်ဆွေ သင်သည် လူကိုပြနိုင်ပါမည်လောဟု မေး သောအခါ၊ ကျွန်တော် လူပါဘဲဟု ပြော၏။ ထိုအခါ သေ သေ ချာချာ မေးစမ်းပါရစေဟု ဆို၏။ထိုအခါ အလိုရှိရာ မေးပါဟုဆို၏။ထိုအခါ မိတ်ဆွေခေါင်းပေါ်မှာ ဘာတွေ

ရှိသလဲဟု မေးသောအခါ ၂-ကုဋေ့ငါးသိန်းသော ဆံပင်တို့ကိုပြ၏။ ကာယမှာ ဘာတွေလဲ မေးသောအခါ၊ ၉-သိန်း ၆-သောင်းသော အမွေးတို့ကိုပြ၏။ လက်ဖျား ခြေဖျား မှာ ဘာတွေလဲ မေးသောအခါ၊ ခြေသည်း လက်သည်း နှစ်ဆယ်ကိုပြ၏။ ပါးစပ်ထဲမှာ ဘာတွေလဲ မေးသော အခါ၊ ၃၂-ချောင်းသော သွားတို့ကိုပြ၏။ ဤသို့ စသဖြင့် ပြသောအခါ အသင်က ကျွန်တော် လူပါဘဲဟု ဆို၏။ ပြသောအခါ လူကိုမပြနိုင်။ ပထဝိ-၂၀။ အာပေါ-၁၂။ ဒွတ္တိံသာကာရခါတ် ကိုသာပြ၏။ ယင်းသို့ ဖြစ်ရကား။ လူဟူသည် ဝေါဟာရ ပညတ်မျှသာတည်း။ တကယ် ရှိမှုကား နာမ်ရုပ်မျှသာရှိ၏ဟု ပြောသောအခါ၊ ဤသို့သော သဒ္ဒမ္မသဝနကို မကြား မနာရဘူးသဖြင့် အမှန်မသိမှုကြောင့် ကျွန်တော်ဟာ လူပါဟု ပြောခဲ့ပါသည်။ယနေ့က စ၍ ပုဂ္ဂိုလ် သတ္တဝါ လူစသည်မရှိ။ နာမ်ရုပ်မျှသာဟုရှု၍ အတ္တဒိဋ္ဌိကို ပယ်ပါတော့မည်ဟု ဝန်ခံလေတော့၏ဟူလို။

မာတိကာ ပြီးပြီ။

---

**မိစ္ဆာဒိဋ္ဌိ အစိပ္ပါယ်ကို အမေးအဖြေနှင့်တကွ ပြဦးအံ့**

**မေး။** မိစ္ဆာဒိဋ္ဌိ ဟူသည် အဘယ်သို့ပါနည်း။

**ဖြေ။** မိစ္ဆာ ပဿတိတိ မိစ္ဆာဒိဋ္ဌိ။ မိစ္ဆာ၊ အမှားမှား အယွင်းယွင်း။ ပဿတိ၊ အနိစ္စကို နိစ္စ, ဒုက္ခကို သုခ,အနတ္တကို အတ္တ,အသုဘကို သုဘဟုရှုတတ် ၏။ တနည်း၊ မိစ္ဆာ၊ နာမ်ရုပ် အပေါင်းအစုမျှ

ရှိသည်ကို ယထာဘူတအားဖြင့် ဟုတ်မှန်သည့်
အတိုင်း မရှုဘဲ သတ္တအတ္တဟု၊ ပဿတိ၊ အမှား
မှား အယွင်းယွင်း ရှုတတ်၏။ ဣတိတသ္မာဝိ၊
ထို့ကြောင့်လည်း။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။
ဗြဟ္မဇာလသုတ်၌ အခြင်းအရာ အာကာရတို့သို့
လိုက်၍ ၆၂-ပါးသော ဒိဋ္ဌိတို့ကို ဟောတော်မူ၏။

ပရမတ္ထကို ဟောရာ၌ မူကား ဒိဋ္ဌိစေတသိက် တခုတည်းပင်တည်း။ ထို့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော ပုဂ္ဂိုလ်တို့အား အထူးသတိ ပြုစေလိုသည်မှာ သောတာပတ္တိမဂ်ကို ' ပိတ်ပင်သော မှားသောမြင်ခြင်း အယူရှိခြင်း ကျင့်ခြင်းဟူသော ဒိဋ္ဌိကို ရှေးဦးစွာ ပယ်ရပေမည်။ အကယ်၍ ထိုမိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိဖြင့် ရှေးဦးစွာ မပယ်ဘဲ ကျင့်ခဲ့သော် ကမ်းစပ်၌ ကြိုးဖြင့် ချည်ထားသော လှေကို ကြိုးမဖြုတ်ဘဲ လှော်က တဘက်ကမ်းသို့ မရောက်နိုင်သကဲ့သို့၊ ထို့အတူ ဒိဋ္ဌိဟူသော သံယောဇဉ်ကြိုးကို သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ဖြင့် ရှေးဦးစွာ မပယ် မဖြုတ်လျှင် သောတာပတ္တိမဂ်သို့ ရောက်မည်မဟုတ်ပေ။ ထို့ကြောင့် ထွက်ရပ်ကို အလိုရှိသော ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိကို ရှေးဦးစွာ ပယ်အပ်ကုန်ပေသည် ဟူလို။

---

## ဒိဋ္ဌိ၏ အရာကျယ်ပုံကိုလည်း ပြဦးအံ့

ထိုဒိဋ္ဌိသည် တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက် တခုတည်းပင်ဖြစ်၏၊ ထိုသို့ တခုတည်းပင် ဖြစ်သော်လည်း

ကိစ္စအားဖြင့်ကား အာသဝကိစ္စ၊ ဩဃကိစ္စ၊ ယောဂကိစ္စ၊ ဂန္ထကိစ္စ၊ ကိလေသကိစ္စ၊ သံယောဇဉ်ကိစ္စ၊ အနုသယကိစ္စ၊ ဥပါဒါန်ကိစ္စအားဖြင့် ၇စ်ဌာန၌ ဒိဋ္ဌိပါဝင်လေတော့၏။

ဥပမာ–လောက၌ လူဆိုးအမျိုးမျိုးနှင့် ပေါင်းသင်းလေ့ရှိသောသူကဲ့သို့၊ ထို့အတူ အကုသိုလ်ဘက်၌ အကုန်ပေါင်းယှဉ်၏။ ထို့ကြောင့် ထိုဒိဋ္ဌိကို ရှေးဦးစွာမပယ်နိုင်လျှင် သံသရာဘေး အပါယ်ဘေးတို့မှ မလွတ်နိုင်။ အကုသိုလ်ဘက်၌ ထိုဒိဋ္ဌိကို ပယ်သတ်ခဲ့လျှင် သံသရာစက်မလည်နိုင်။ ဥပမာ ၃-ချောင်းထောက် ရေအိုးစင်၌ ခြေတချောင်း မရှိလျှင် ထောက်၍မရသကဲ့သို့၊ ထို့အတူ ဒိဋ္ဌိမပါမရှိလျှင် အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ကိလေသာ၊ သံယောဇဉ်၊ ဥပါဒါန်၊ အနုသယ ဟူသော ၇စ်ဌာန၌ ဖရိုဖရဲဖြစ်ရကား မိုလ်ကျလျှင် တပ်ပျက်ရသကဲ့သို့ ထို့အတူ ဒိဋ္ဌိမရှိလျှင် ဇာတိမဖြစ်နိုင်သံသရာစက် မလည်နိုင် ဟူလို။

---

## မဟာသုတအလို့ငှါ ဒိဋ္ဌိဖြစ်ပေါ်ခြင်း အရင်းမူလကိုလည်း ပြဦးအံ့

ဗြဟ္မဇာလသုတ်၌ ၆၂- ပါးသော မိစ္ဆာဒိဋ္ဌိ တို့ကို မြတ်စွာဘုရား ဟောပါသည်။ ထိုဒိဋ္ဌိဖြစ်ခြင်း၏ အရင်းမူလကား အဘယ်သို့ပါနည်းဟု စိတ္တသူကြွယ်က အရှင်ဣသိဒတ္တသို့ လျှောက်သည့် အခါ၊ အတ္တဒိဋ္ဌိ မူလကာ သက္ကာယဒိဋ္ဌိ ဒါဒယော ဟုဖြေတော်မူ၏။ သက္ကာယဒိဋ္ဌိ

ဒါဒယော၊ သဿတဒိဋ္ဌိ- ဥစ္ဆေဒဒိဋ္ဌိ စသော ၆၂-ပါး သော မိစ္ဆာဒိဋ္ဌိတို့သည်။ အတ္တဒိဋ္ဌိမူလကာ၊ ခန္ဓာ ၅-ပါးကို ငါဟိုင် ငါ့ဟာ ငါ့ဥစ္စာဟု ယူသော အတ္တဒိဋ္ဌိလျှင် အကြောင်းရင်း ရှိကုန်၏။ (အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ အံတူတူဟု သိပါကုန်)ထိုအတ္တဒိဋ္ဌိချုပ်ငြိမ်းခဲ့လျှင် ကိလေသာသည် ဇာတိစသော ဒုက္ခ မဖြစ်နိုင်ဟု အဋ္ဌကထာ ဆရာက ဖွင့်ပြ၏။

ပြပုံကား

ကိလေသာဘာဝေ ကမ္မံ အပဋိသန္ဓိကံ ဟုမိန့်ဆိုတော်မူ၏။ ကိလေသာဘာဝေ-ကိလေသအဘာဝေ၊ဒိဋ္ဌိကိလေသာ မရှိသည်ရှိသော်။ တနည်း- ဒိဋ္ဌိကိလေသာချုပ်ငြိမ်းခဲ့သည်ရှိသော်။ကမ္မံ၊ ကံသည်။ အပဋိသန္ဓိကံ၊ နောင်တဖန် ပဋိသန္ဓေအကျိုးကို မဖြစ်စေနိုင်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ် အထူးမှုကား။ ကမ္ဘာသင်္ချေ သင်္ချာက ပြုခဲ့ သောကံသည် အကျိုးပေးခွင့် မရသေးသဖြင့် ကျန်ရှိနေသော အပရာပရိယ ဝေဒနီယကံ ဟူသည် ဒိဋ္ဌိရှိမှသာ ပဋိသန္ဓေအကျိုးကို ပေးနိုင်ကုန်၏။ ဒိဋ္ဌိမရှိလျှင် အဟောသိကံ ဖြစ်ရတော့၏။ ဥပမာ သောတာပန်တည့်လျှင် ရှေး ရှေးကံဟောင်းတို့သည် အကျိုးပေးခွင့် မရဘဲ အဟော သိကံ အဖြစ်သို့ ရောက်လေတော့၏ ဟူလို။

ထို့ကြောင့် စာကြည့်သူတို့အား သတိပေးလိုသည်မှာ။အခြား အထူးထူး အထွေထွေကို မလုပ်ဘဲ ဓမ္မစကြာ သစ္စာ ၄-ပါးကိုကျက်မှတ်၍ မသိသော အနက်အဓိပ္ပါယ်

များကိုသိသော ပညာရှိကိုမေးမြန်း၍ အဖန်ဖန်ဆင်ခြင်ပါ၊ ထိုသို့ သဲသဲမဲမဲ မြဲမြဲစွဲစွဲနှင့် အားထုတ်ပါလျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ်သည်ဖြစ်၍ သစ္စာ ၄-ပါး၌ ယုံမှားကင်းသည်ဖြစ်၍ သောတာပတ္တိမဂ်ကို ရနိုင်ပါသည်။ ထိုပဌမမဂ်ကို ရရှိကလည်း အပါယ်ဘေး အမြဲလွတ်၍ ခုနစ်ဘဝအတွင်း အထက်မဂ်များကို ရခြင်းကိစ္စ ပြီးနိုင်ပါသည်။ ထိုသော တာပတ္တိမဂ်ရမှသာလျှင် ရှေးရှေးကပြုခဲ့သော မကောင်းမှုတို့ အကျိုးပေးခွင့်ကို တားမြစ်နိုင်ပါမည်။ ထို့ကြောင့် ထိုပဌမမဂ် ရရန်ကိုသာ အထူး အားထုတ်ကြပါ ဟူလို။

---

## ဒိဋ္ဌိ ပယ်နည်း အမေး အဖြေ

မေး။ ဒိဋ္ဌိကို ပယ်လိုပါသည် အဘယ်သို့ ပယ်ရပါမည်နည်း။

ဖြေ။ ရုပ် နာမ် ခန္ဓာတို့၌ကပ်လျက် ပါရှိနေသော သာမညလက္ခဏာဟူသော မမြဲပုံ ဆင်းရဲပုံ အစိုးမရ အလိုသို့မလိုက်ပုံ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာများကို ဉာဏ်တွေ့ ကိုယ်တွေ့ဖြစ်အောင် ရှုပါ။

မေး။ လက္ခဏာထင်မြင်လွယ်အောင် အဘယ်ဌာန၌ရှုရပါမည်နည်း။

ဖြေ။ မိမိတို့ သန္တာန်၌ ရှိသော ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေစသော ဒွတ္တိံသာကာရ၌ ဒိုနာ သေမှု ဘောက်ပြန်မှုတို့ကို ရှုပါ။

ထိုသို့ရှုလျှင် ခေါင်းခဲ ဝမ်းနာ ဖျားနာမှ စသော ဒုက္ခဝေဒနာ၊ သွားကျိုး ဆံဖြူ မျက်စေ့မှုံ နားထိုင်း ခါးကိုင်း ကုန်းကွ ထကြွ ယိမ်းယိုင် မခိုင်မခံ့ ဇရာစသော ဒုက္ခတို့ကို မိမိ၌ရှင်း၊ သူတပါး၌ရှင်း ဒိဋ္ဌတွေ့မြင် လေတော့၏။ ဤသို့ ဖြစ်ရေ့ ခြင်းကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဆင်ခြင်သောအခါ မမြဲသော ကြောင့်ဟု အနိစ္စလက္ခဏာကို တွေ့လေတော့၏။ ထို့ပြင် အိုမင်းရင့်ရော်မှုတို့ကို အလိုမရှိဘဲ လှပ နုပျို နဂိုမူလ ရုပ်ရူပနှင့် သုခဝေဒနာ အမြဲမြဲ တို့သည် ဘယ်အခါမှ မပျက်စေဘဲ မြဲလိုသော ဆန္ဒရှိကြ၏။ ထိုသို့ပင် ရှိကြသော်လည်း တောင့် တ၍မရသော အစိုးမရ အလိုမလိုက်သော အနတ္တ လက္ခဏာကိုလည်း ဒိဋ္ဌ တွေ့မြင်ရ လေတော့၏။ ဤသည်လျှင် နတ္တိ°သာကာရ စသော ရုပ် နာမ် ခန္ဓာတို့၌ အတ္တ သတ္တ သဘောမရှိ အနတ္တသာ တည်းဟု ဆုံးဖြတ်နိုင်ရကား ဒိဋ္ဌိ ကိလေသာ ချုပ်ရတော့၏။

မေး။ သင်သည် မိမိခန္ဓာကိုယ်ကို ဘယ်လိုများ နှလုံး သွင်းထား ပါသလဲ။

ဖြေ။ ရှေးအခါက ကိုယ်မှာရှိသော ဆံပင်, မွေးညှင်း, မျက်စေ့, နား, နှာ, အင်္ဂါ, ခြေ, လက်, စသော ရုပ်နှင့် စိတ်တို့ကို မည်သူမျှ မပိုင်သင့်၊ မိမိကိုယ် မှာ ရှိသောကြောင့် မိမိသာလျှင် ပိုင်၏။ အစိုးရ၏

ဟု ထင်မှားမိ၏။ ယခု ပရမတ္ထ သဒ္ဒမ္မတရား ကြားနာရမှဘဲ ကိုယ်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနတ္တသာ တည်းဟု ယုံမှား ကင်းလေတော့၏၊ ဥပမာမှောင်ထဲမှာမီးထွန်းလိုက်သကဲ့သို့ ဖုံးထားသောဝတ္ထုကိုဖွင့်ပြသကဲ့သို့ အတ္တဗွဲလည်း လွတ် မြောက်၊ ဝိစိကိစ္ဆာလည်း ချုပ် ပျောက်၊ မဂ်ဖိုလ်သို့လည်း ရောက်နိုင်ရကား အလွန် ဝမ်းမြောက်ပါ၏ ဟူလို။

---

ထို့ပြင် အတ္တဒိဋ္ဌိ ပယ်မှုန်၍ ဒိဋ္ဌုဇုကမ္မ ဖြစ်စေခြင်းငှါ အနတ္တလက္ခဏာသုတ် အရ အနတ္တကိုယ်တွေ့ ဖြစ်ကြစေခြင်းငှါ အနတ္တလက္ခဏာ အင်္ဂါ ၄-ပါးနှင့် တကွ ဝိသုဒ္ဓိမဂ်၌ ပြထားသည်ကို ပြဦးအံ့။

## **အနတ္တ အင်္ဂါ ၄-ပါး**

ယသ္မာ စ ဥပ္ပန္နာ သင်္ခါရာ ဌိတိံ မာပါပုဏန္တု၊ ဌာနပ္ပတ္တာ မာဇီရန္တု၊ ဇရပ္ပတ္တာ မာဘိဇ္ဇန္တူ'တိ ဧတေသု တိသု ဌာနေသု ကဿစိ ဝသဝတ္တိဘာဝေါ နတ္ထိ တေန ဝသဝတ္တနာကာရေန သုညာ၊ တသ္မာ သုညတော စ အသာမိကတော စ အသာရကတော စ အတ္တပဋိက္ခေပတော စ အနတ္တာတိ။

ဤ၌ ပါဠိဘာသာကို ရှိသေသောအားဖြင့် ထည့်ထားပါသည်။ ပါဠိကို မဘတ်ဘဲ အနက်ကို ဘတ်နိုင်ပါ၏ ဟူလို။

၁၂၄၄၂

## အနက်ကား

ယသ္မာ၊ အကြင် ကြောင့်လည်း။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သင်္ခါရာ၊ ရုပ်, နာမ်, ခန္ဓာ သင်္ခါရ တရားတို့သည်။ ဌိတိံ၊ ဌီခဏသို့။ မာပါပုဏန္တု၊ မရောက်ကြ ပါစေကုန်သတည်း။ ဌာနပတ္တာ၊ ဌီသို့ရောက်ကုန်ပြီးသော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ မာဇီရန္တု၊ မဆွေးမမြေ့ကြပါစေကုန်သတည်း။ ဝါ၊ အိုခြင်း နာခြင်း သွားကျိုး ဆံဖြူ မျက်စေ့ ံ နားထိုင်းခါးကိုင်း ကုန်းကွခြင်းသို့ မရောက်ကြပါစေကုန်သတည်း။ ဇရပတ္တာ၊ အိုမင်း ရင့်ရော်ခြင်းသို့ ရောက်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတရား တို့သည်။ မာဘိဇ္ဇန္တု၊ ဘင်ခဏဖြင့် မပျက်မစီးပါစေကုန်သတည်း။ ဣတိ၊ ဤသို့။ ဣမေသုတိသုဌာနေသု၊ ဤဥပါဒ်, ဌီ, ဘင်, ဇာတိ, ဇရာ, မရဏာ, သုံးပါးတို့၌။ ကဿစိ၊ တစုံတယောက်သောသူ၏။ ဝသဝတ္တိဘာဝေါ၊ အလိုသို့လိုက်ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ တေန ဝသ ဝတ္တနာကာရေန၊ ထိုသို့ အလိုသို့လိုက်ခြင်းမှ။ သုညော၊ ဆိတ်သည်သာတည်း။

တသ္မာ သုညတော၊ ထိုသို့ အလိုသို့လိုက်ခြင်းမှဆိတ်သောကြောင့်ရင်း။ အသာမိကတော၊ မအို,မနာ,မသေစေရန် စောင့်ရှောက်နိုင်သူ အရှင် မရှိသောကြောင့်ရင်း။ အသာရကတော၊ နိစ္စ, သုခ, အတ္တ, ဟူသော အနှစ်, အသား, မရှိသော ကြောင့်ရင်း။ အတ္တပဋိက္ခေပတော၊ အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ရင်း။ ဝါ၊ ပုထုဇဉ်တို့၏ မိမိတို့ကိုယ်ကို မိမိတို့က အစိုးရသောအတ္တဟု စွဲယူ

မှုနှင့် ဆန့်ကျင်သောကြောင့်ငင်း။ အနတ္တာ၊ အနတ္တမည်ကုန်၏။ ဝါ၊ အစိုးမရ အလိုသို့ မလိုက်သော ရုပ် နာမ် ခန္ဓာတို့ မည်ကုန်၏။

ဤသည်လျှင် ခန္ဓာ၌ အတ္တ, သတ္တ, သဘော, မရှိ၊ အနတ္တ သာလျှင်မှန်၏ဟု မြင်သိရကား။ ဝါ၊ ဆုံးဖြတ်နိုင်ရကား။ ဒိဋ္ဌိ ကိလေသာ ချုပ်ရလေတော့၏။ အတ္တဒိဋ္ဌိဟူသည်ကား အလိုသို့လိုက်ပါသည်ဟုထင်မှတ်စွဲလမ်းသော အယူတည်း။ အတွင်း အကျဆုံး အနေဖြင့် စွဲလမ်းမှုကြီးသည် အတ္တဒိဋ္ဌိပင်တည်း။

ထို့ပြင် အတ္တဒိဋ္ဌိ ကာရကဒိဋ္ဌိဝေဒကဒိဋ္ဌိ များကို ချုပ်စေရန် ကိစ္စကြီးငယ်ကို ပြုလုပ်သေလက်သယ်ကို ပြဦးအံ့။

## ပြပုံကား

ပုထုဇဉ်တို့သည် ကိစ္စကြီးငယ်ကို ပြုလုပ်ရာ၌ ငါသည် ကိစ္စကြီးငယ်ကို ပြုလုပ်နိုင်၏။ ထို့ကြောင့် ကိစ္စကြီးငယ်ပြုလုပ်ခြင်းကို အစိုးရသော ကာရကပုဂ္ဂိုလ်တည်း။ သုခ, ဒုက္ခစသောဝေဒနာခံစားမှု၌လည်းအစိုးရ၏။ ထို့ကြောင့် ငါသည် ဝေဒက ပုဂ္ဂိုလ်တည်း။ ဤသို့လျှင် အတ္တဒိဋ္ဌိ, ကာရကဒိဋ္ဌိ,ဝေဒကဒိဋ္ဌိ တို့ဖြင့်ယူမှား,သိမှား, မှတ်မှား, ကျင့်မှား ဒိဋ္ဌိ ဖြစ်ကြကုန်၏။ ထို့ကြောင့် ထိုဒိဋ္ဌိတို့ကို ပယ်ဖျောက်ရာ၌ ကိစ္စကြီးငယ်ကို ပြုလုပ်သော ပရမတ္ထ လက်သယ်ကို သိသင့်ကြပေသည်။

## ထို့ကြောင့် ထိုလက်သယ်ကို ပြဦးအံ့

မေး။ ကိစ္စ ကြီးငယ်ကို ပြုလုပ်သော လက်သယ်ကို သိလိုပါသည်။ အဘယ်သို့သိရပါမည်နည်း။

ဖြေ။ ဒွတ္တိံသာကာရ၌ ခက်မာခြင်း လက္ခဏာ ရှိသော ပထဝီဓာတ်-၂ဝ။ ဖွဲ့စေးခြင်း လက္ခဏာ ရှိသော အာပေါဓာတ် ၁၂-ပူအေးခြင်း လက္ခဏာရှိသော တေဇောဓာတ် ၄-ထောက်ကန် လှုပ်ရှားခြင်းလက္ခဏာရှိသောဝါယောဓာတ် ၆-ပါးတို့ကား သိတတ်သော သဘော မရှိသော အစေတနာ အဗျာကတ ရုပ်များတည်းဟုရှုပါ။

စေတသိက် ၅၂-တို့၏ ရှေ့ဆောင် ရှေ့သွား ဖြစ်သော အာရုံကို ယူတတ် သိတတ်သော စိတ်နှင့် စေတသိက်များ နာမ်ဟု ရှုပါ။ ဥပမာ....အကြင် အခါ၌ သွားလာလုပ်ကိုင် လိုသော စိတ်အကြံ ဖြစ်၏။ ထိုစိတ်သည် စိတ္တဇ ဝါယောဓာတ်ကို ပွားစေလျက် ဒွတ္တိံသာကာရကို အလိုရှိရာ သွားလာစေ၏။ အလိုရှိရာ ဌာနသို့ ရောက်သည့်အခါရပ်စေ၏။ ထိုင်စေ၏။ စကားပြောစေ၏ ဤသို့အားဖြင့် ကိစ္စကြီးငယ်ကို ပြီးစေ၏။

ဥပမာ......သံဃာတော်များ၏ အထံသို့ ဆည်းကပ်ရန် သွားလိုသောအခါ–

သံဃဂုဏံ အာရဗ္ဘ၊ သဒ္ဓါစိတ္တံ ဥပ္ပဇ္ဇတိ။
သဒ္ဓါစိတ္တံ အာရဗ္ဘ၊ ဂမနံ စိတ္တံ ဥပ္ပဇ္ဇတိ။
ဂမနံ စိတ္တံ အာရဗ္ဘ၊ စိတ္တဇဝါယော ဥပ္ပဇ္ဇတိ။
တတော ဂစ္ဆတိ၊ တတော သံဃဝိဟာရံ အာဂစ္ဆတိ။
တတော တိဋ္ဌတိ၊ တတော နိသီဒတိ။
တတော ကာယ ဒွါရေန ကာယကမ္မံ ကရောတိ။
တတော ဝစီဒွါရေန ယာပဏိယံ ဘန္တေ
ရမ္မဏိယံ ဘန္တေတိ ဝစီကမ္မံ ကရောတိ။
ဣတိ ပရမတ္ထ ကာရကော ပညာယတိ။

သံဃဂုဏံ၊ သံဃဂုဏ်ကို။ အာရဗ္ဘ၊အကြောင်းပြု၍။ ဝါ၊ အာရုံပြု၍။ သဒ္ဓါစိတ္တံ၊ကြည်ညိုသော မဟာကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သဒ္ဓါစိတ္တံ၊ ကြည်ညိုသောစိတ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ဂမနံစိတ္တံ၊သွားရောက်ဖူးမြင်လိုသော စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဂမနံစိတ္တံ၊ သွားလိုသောစိတ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ စိတ္တဇဝါယော၊ စိတ်ကြောင့်ဖြစ်သော ဝါယော ဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တတော၊ထိုနောက်မှ။ဂစ္ဆတိ၊သံဃာရှိရာကျောင်းသို့ရှေ့ရှု ခြေလှမ်းများစွာလှမ်းသွား၏။တတော၊ ထိုနောက်မှ။ သံဃဝိဟာရံ၊ သံဃာရှိရာ ကျောင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ တတော၊ ထိုနောက်မှ၊ကာယော၊ ရူပကာယသည်။ တိဋ္ဌတိ၊ ရပ်၏။ တတော၊ ထိုနောက်မှ။ နိသီဒတိ၊ ထိုင်၏။ တတော၊ ထိုနောက်မှ။ ကာယဒွါရေန၊ ကာယဒွါရဖြင့်။ ကမ္မံ၊ ဦးချခြင်း ရှိခိုးခြင်း ကာယကံကို။

ကရောတိ၊ ပြု၏။ တတော၊ ထိုနောက်မှ။ ဘန္တေ၊ အရှင်ဘုရား။ ယာပကာယံ၊ ကိုယ်၏ မျှတခြင်းနှင့် ပြည့်စုံပါ၏လော။ ရမ္မကာယံ၊ စိတ်၏မွေ့လျော်ခြင်းနှင့် ပြည့်စုံပါ၏လော။ ဣတိ၊ ဤသို့။ ဝစီဒွါရေန၊ နှုတ်ဖြင့်။ ကမ္မံ၊ သဒ္ဓါ မေတ္တာ ရှေးရှုသော ဝစီကံကို။ ကရောတိ၊ ပြု၏။ ဣတိ၊ ဤသည်လျှင်။ ကာရကော၊ ကိစ္စကြီးငယ်ကို ပြုလုပ်သော စိတ်, ဝါယော, ဥတ္တိ°သာကာရပရမတ္ထလက်သယ် အစစ်သည်။ ပညာယတိ၊ ထင်၏။

ထို့ဖြင့် ကိစ္စကြီးငယ်ကို ပြုလုပ်ပြီးစီးရာ၌......ဥပမာတနည်း ပြဦးအံ့။ ဥတ္တိ°သာကာရသည် လှည်းနှင့်တူ၏။ နွားသည် ဝါယော ဓာတ်နှင့်တူ၏။ စိတ်သည် လှည်းသမားနှင့်တူ၏။ ၎င်းတို့ပေါင်းဆုံ ကျေးဇူး ပြုကြလျှင် ကုန်စည် ဝန်ထုပ်နှင့် တကွ လိုရာဌာနသို့ ရောက်လေတော့၏။

ထို့အတူ အဇ္ဈတ္တ သန္တာန်၌ သိတတ်သော သဘောမရှိသော ဥတ္တိ°သာကာရနှင့် ဝါယောဓာတ်,သိတတ်သော စိတ်–ဤတရား ၃-ခုပေါင်းဆုံ၍ကျေးဇူးပြုကြလျှင် လိုရာကိစ္စဝိရိယအားလျော်စွာပြီး၏။ ဤ၌လည်းကိစ္စကြီးငယ်ကို ပြုလုပ်သော ကာရကပုဂ္ဂိုလ်မရှိ။ နာမ်ရုပ်တို့ အကြောင်းညီညွတ်၍ ကိစ္စကြီးငယ် ပြီးစီးမှုမျှသာ ရှိ၏ ဟူလို။

သတိပဋ္ဌာန် အနေအားဖြင့်သွားလာ လုပ်ကိုင်ရင်းပင် သညာယ ဥါလိုသော်။ ကိစ္စကြီးငယ်တို့ကို နာမ်ကခိုင်း၍ ရုပ်ကလုပ်ရ၏။ ထို့ကြောင့် "ခိုင်းတတ် လုပ်တတ်၊

ဤနှစ်ရပ်၊ မှတ်ကြနာမ်နှင့်ရုပ်'' ''သွားတတ် လာတတ် ပြောတတ် ဆိုတတ်၊ စားတတ် သောက်တတ်၊ အရုပ်ရုပ်၊ မှတ်ကြ နာမ်နှင့်ရုပ်'' ဤသို့ သတိ ရှိခဲ့သော် ငါသည် ကိစ္စကြီးငယ်ကို လုပ်၏ ဟူသော ကာရကဒိဋ္ဌိ ချုပ်၏။ ဖသဿကြောင့် ဝေဒနာဖြစ်၏။ ထိုဝေဒနာကို ခံစားသော ပုဂ္ဂိုလ်မရှိ။ တဏှာမှတပါး သာယာ ခင်တွယ်တတ်သောပုဂ္ဂိုလ်မရှိ။ ဝါ၊ အတ္တ သတ္တ သဘောမရှိ။

ဤသို့ပရမတ္ထ အားဖြင့် ကိစ္စကြီးငယ်ကို ပြုလုပ်သော ပုဂ္ဂိုလ် သတ္တဝါမရှိ၊ နာမ်နှင့် ရုပ်တို့သာ အကြောင်း အားလျော်စွာ ပြုလုပ်၏။ ဤသို့ရှု၍ ကာရကဒိဋ္ဌိ ဝေဒက ဒိဋ္ဌိတို့ကို၊ ခွါအပ်၏ ဟူလို။

ဤသို့ ကိစ္စကြီးငယ် ပြုလုပ်ရခြင်းသည်လည်း သင်္ခါရ တရားပင်တည်း။ ယင်းသို့ဖြစ်ရကား သင်္ခါရ ၄-မျိုးရှိပုံ အဓိပ္ပါယ်ကို ခွဲခြား၍သိသင့်၏ ထို့ကြောင့် ပြဦးအံ့။

ပဋိစ္စသမုပ္ပါဒ် အဖွင့်၌ သင်္ခတ သင်္ခါရ, အဘိသင်္ခတ သင်္ခါရ, အဘိသင်္ခရဏက သင်္ခါရ ပယောဂါဘိ သင်္ခါရ ဟူ၍ သင်္ခါရ ၄-မျိုးရှိ၏။

ထို ၄-မျိုးတို့တွင် သက်ရှိ, သက်မဲ့ သဝိညာဏက, အဝိညာဏက, တော, တောင်, ရေ,မြေ အားလုံးတို့သည် ဥပါဒ်,ဠီ,ဘင်,ဖြင့် ဖြစ်တတ် ပျက်တတ်,သော သဘော ကြောင့် သင်္ခတ သင်္ခါရမည်ကုန်၏။ခန္ဓာ ၅-ပါးသည် ကံ ပြုပြင်မှုဖြင့် ဖြစ်သောကြောင့် အဘိသင်္ခတ သင်္ခါရမည်၏။ ထိုခန္ဓာကို အမှီပြု၍ ပစ္စုပ္ပန်၌ ကုသိုလ်ကံ အကုသိုလ်ကံ

ကို ပြုခြင်းသည် အဘိသင်္ခါရကာ သင်္ခါရမည်၏။ ဒုစရိုက်ဆယ်ပါးဟူသော ကံမျိုးလည်းမဟုတ် သုစရိုက်ဆယ်ပါး ပုညကိရိယာ ဆယ်ပါး ဟူသော ကံမျိုးလည်း မဟုတ်သော တရားသဖြင့် စားရေး, သောက်ရေ, နေရေး, ထိုင်ရေး, ပစ္စည်း ရှာမှီးရေး စသည် တို့ကို ပြုလုပ်မှုသည် ပယောဂါဘိ သင်္ခါရ မည်၏။ တရားကိုယ်မှာ ဝီရိယ စေတသိက်ပင်တည်း။

ဤ၌ ဥတ္တိသာကာရ ဝါယောဓာတ်နှင့် စိတ်တို့ဖြင့် ပြုလုပ်ခြင်းသည် ပယောဂါဘိသင်္ခါရ မည်၏ ဟူလို။ သင်္ခါရ ဟူသည်ကား စေတနာ စေတသိက် ပင်တည်း ထိုစေတနာ စေတသိက်သည် စိတ်ဖြစ်တိုင်း ဖြစ်တိုင်းပါ၏။ ထိုစေတနာသည် သဟဇာတ ကမ္မစေတနာ မျှသာ ဖြစ်ရကား ခန္ဓာဇာတိကိုမဖြစ်နိုင်။ ဒုစရိုက် သုစရိုက်တို့၌ ကမ္မပထမြောက်သော နာနာက္ခဏိက ကမ္မစေတနာမှသာလျှင် ဇာတိ ပဋိသန္ဓေအကျိုးကို ပေးနိုင်၏။ ဤသို့ သဟဇာတ ကမ္မစေတနာ၊ နာနာက္ခဏိက ကမ္မစေတနာကိုလည်း ခွဲခြား၍မှတ်အပ်၏ ဟူလို။

သင်္ခါရ ၄-မျိုး အဓိပ္ပါယ်ပြပုံ ပြီး၏။

---

### မဂ်သို့ လျင်စွာရောက်ခြင်း၏ သင့်လျော်သော ကမ္မဋ္ဌာန်း ရွေးချယ်ပုံ

**မေး။** မဂ်သို့ လျင်စွာ ရောက်ခြင်း၏ အဘယ် ကမ္မဋ္ဌာန်းနှင့် သင့်လျော်ပါသနည်း။

ဖြေ။ 'အရှင်လို လမ်းအိုလိုက်' ဆိုဘိသကဲ့သို့။ မဂ်သို့ တက်ရာ၌ သင့်လျော်သော ကမ္မဋ္ဌာန်းကို စီစစ်သောအခါ သတိပဋ္ဌာန်တွင် ပါဝင်သော ဥတ္တံသာကာရကိုတွေ့ရ၏။ ရှေးပညာရှိကြီး အများလည်း ထိုကမ္မဋ္ဌာန်းကို အားထုတ်ကြသော ကြောင့် မဂ်သို့ ဆိုက်ရောက် ဘူးကြလေပြီ။ ။ ထို့ကြောင့် ထင်ရှားစိမ့်သော၌ ဝင်္ဂီသပုဏ္ဏားကြီး၏ ဝတ္ထုကို အမြွက်မျှ ပြဦးအံ့။

သေသောသူ၏ အရိုးကို မန္တန်စိပ်၍ ခေါက်သော အရိုးရှင်လာ၍ မေးသမျှကို ပြောစေနိုင်သော လောကီပညာရှိ ဝင်္ဂီသပုဏ္ဏားကြီးအား မြတ်စွာဘုရားက ရဟန္တာ၏ အရိုးကိုပေး၍ ယခင်နည်းအတိုင်း မန္တာန်စိပ်၍ ခေါက်သော် အရိုးရှင်မလာသဖြင့် ဤအရိုးရှင်ကို လာစေနိုင်သောနည်းများ ရှိပါသလောဟု မြတ်စွာဘုရားအား လျှောက်သည့်အခါ မန္တန်ရှိကြောင်းပြော၏။ ဤမန္တန်ကို သင်ပေးပါ မည့်အကြောင်းကို လျှောက်ထားရာ ရဟန်းပြုမှ ဤမန္တန် ကို သင်ပေးမည်။ သင်ရဟန်းပြုနိုင်မှ သင်ပေးအံ့ဟု မိန့်တော်မူသည့်အတိုင်း ရဟန်းပြု၏။ ထို့နောက် မန္တန်ကို မသင်မီ မန္တန်၏ပရိကံအဖြစ်ဖြင့် ဥတ္တံသာကာရကို သင် ပေး၏။ သင်ပေးသည့်အတိုင်း ပွားများရကား မကြာမီ ပင်လျှင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ အချို့သော ရဟန်းများက ငါ့ရှင် မန္တန် သင်ရပါပြီလောဟု မေးသောအခါ မန္တန်သင်ရန် မလိုတော့ပါဟု

ပြော၏။ ဤအခါ ရဟန်းများက မြတ်စွာဘုရားသို့လျှောက်ကြ၏။ မြတ်စွာဘုရားက ထိုပုဂ္ဂိုလ် အာသဝေါကုန်ပြီဟု အမိန့်ရှိတော်မူ၏။

အထူးမှတ်သားစေလိုသည်မှာ။ ဤနွတ္တိံသာကာရ ကမ္မဋ္ဌာန်းပရိကံ ပြုခါမျှဖြင့်သော်လည်း မဂ်ဖိုလ်သို့ရောက်နိုင် ရနိုင်၏ဟု သိတော်မူကြစေလိုရင်းပင်တည်း။ ထို့ပြင်သာဝတ္ထိပြည် မဟာဝုန်တော၌ သီတင်းသုံးသော အရှင်သောဏမထေရ်သည် မိမိ၏တပည့် ၁၅၀၀-တို့အား နွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ် စေရာ ၅၀၀-သော ရဟန်းတို့အား အသုဘနှင့် အနိစ္စကို အားထုတ်စေ၏။ ထို့ပြင် ၅၀၀-ကို ဝိပရိဏာမနှင့် ဒုက္ခတရားကို အားထုတ်စေ၏။ ထို့ပြင် ၅၀၀-ကို အသာရနှင့် အနတ္တကို အားထုတ်စေ၍ မဂ်တရား, ဖိုလ်တရားများကို ရစေ၏။

ထို့ကြောင့် မဂ်သို့တက်ရန် ထင်မြင်လွယ်သော ကမ္မဋ္ဌာန်းကို စိစစ်သော် နွတ္တိံသာကာရ ကမ္မဋ္ဌာန်းကိုတွေ့ရ၏။ ထို့ကြောင့် ထိုကမ္မဋ္ဌာန်းဖြင့်ပင်လျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်အောင် ကျင့်နည်းကို ပြပေတော့အံ့။

ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ
ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ
ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ အန္တံ
အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ။
ပထဝီဓာတ်-၂၀။

မြန်မာလိုကား-ဆံပင်, မွေးညှင်း, ခြေသည်း-လက်သည်း,သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းချဉ်ဆီ, အညှို့,နှလုံး,အသဲ,အမြှေး,အဖြင်း,အဆုတ်,အူမ,အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်။
ပဌဝီဓာတ် ၂၀-ပြီးပြီ။

ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။

ဖွဲ့စေးခြင်းလက္ခဏာရှိသော အာပေါဓာတ် ၁၂။

မြန်မာလိုကား၊ သည်းခြေ,သလိပ်, ပြည်,သွေး,ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်။

ဤသို့ခက်မာခြင်းလက္ခဏာရှိသောပထဝီဓာတ်—၂၀။ ဖွဲ့စေးခြင်းလက္ခဏာရှိသော အာပေါဓာတ်—၁၂။ ပေါင်း ၃၂-ကိုဒွတ္တိံသကမ္မဋ္ဌာန်းဟု ဟော၏။ဧင်းကမ္မဋ္ဌာန်းသည် ဝိပဿနာရှုမှု၌ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ လက္ခဏာများ ထင်ရှားလွယ်၏။ ထို့ကြောင့် ပွားများသောပုဂ္ဂိုလ်တို့၏ စိတ်၌ များစွာထိတ်လန့် သံဝေဂဉာဏ်ကို ဖြစ်စေတတ်၏။ ထို့ကြောင့် အထူးပွားများ ကြပါကုန်။

ထို့ပြင် ဒွတ္တိံသာကာရ၌ သတ္တ,ဇီဝသဘော မရှိခြင်းကြောင့် ယုံမှားကင်းစေရန် ထိုကမ္မဋ္ဌာန်းကိုပင် အကျယ်ချဲ၍ ရှုပုံကို ဝိသုဒ္ဓိမဂ်အရ ပြဦးအံ့။

## ပွားများပုံ

၁။ ကေသာနာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ထဒ္ဓေါ ပထဝီဓာတု။

၂။ လောမာနာမ ဣမသ္မိံသရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၃။ နခါနာမ ဣမသ္မိံသရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၄။ ဒန္တာနာမ ဣမသ္မိံသရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၅။ တစောနာမ ဣမသ္မိံသရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၆။ မံသံနာမ ဣမသ္မိံသရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၇။ နှာရုနာမ ဣမသ္မိံသရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၈။ အဋ္ဌိနာမ ဣမသ္မိံသရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၉။ အဋ္ဌိမိဉ္ဇံနာမ ဣမသ္မိံသရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၁၀။ ဝက္ကံနာမ ဣမသ္မိံသရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၁၁။ ဟဒယံနာမ ဣမသ္မိံသရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၁၂။ ယကနံ နာမ ဣမသ္မိံ သရီရေ (ပ) ထဒ္ဓေါ ပဿဝီဓာတု။

၁၃။ ကိလောမကံနာမ ဣမသ္မိံ သရီရေ(ပ) ထဒ္ဓေါ ပထဝီဓာတု။

၁၄။ ပိဟကံနာမ ဣမသ္မိံ သရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၁၅။ ပပ္ဖါသံနာမ ဣမသ္မိံ သရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၁၆။ အန္တံနာမ ဣမသ္မိံ သရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၁၇။ အန္တဂုဏံနာမ ဣမသ္မိံ သရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၁၈။ ဥဒရိယံနာမ ဣမသ္မိံ သရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၁၉။ ကရီသံနာမ ဣမသ္မိံ သရီရေ (ပ) ထဒ္ဓေါ ပထဝီဓာတု။

၂၀။ မတ္ထလုင်္ဂံ နာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ထဒ္ဓေါ ပထဝီ ဓာတုတိ။

အနက်ကား။ ။ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ကေသာ နာမ၊ ဆံပင်တို့မည်သည်ကား။ ပါဋိယေက္ကော၊ အသီး

အခြားဖြစ်သော။ ကောဋ္ဌာသော၊ အစုသာတည်း။ ဩဠာ၊ ဤဆံပင်ဟူသော နှစ်ကုဋေ့ ငါးသန်းသော အစုဌ်။ အစေ တနော၊ သိတတ် မှတ်တတ် စေ့ဆော်တတ်သော သဘော မရှိ။ အဗျာကတော၊ ရုပ် အဗျာကတသာတည်း။ သုညော၊ မအိ မနာ မသေရန် အစိုးရခြင်း အလိုသို့ လိုက်ခြင်းမှ ဆိတ်၍။ ဝါ၊ အတ္တသဘောမရှိ။ နိသတ္တော၊ သတ္တဝါ မဟုတ်။ နိဇ္ဇီဝေါ၊ အသက်မဟုတ်။ ထဒ္ဓေါ၊ထဒ္ဓလက္ခဏာ ရှိသော။ဝါ၊နူးညံ့ခက်မာခြင်း သဘာဝလက္ခဏာရှိသော။ ပထဝိဓာတု၊ ပထဝီဓာတ် အစုမျှသာတည်း။ ။ကျန်သော ကောဋ္ဌာသတို့၌ မတ္ထလုင်္ဂ အထိ ဤနည်းအတိုင်း ပွါးပါ။ ပထဝီ ၂၀-ပွားပုံ ပြီးပြီ။

---

## အာပေါ ၁၂-ကို ပွားပုံ

၁။ ဝိတ္တံနာမ ဣမသ္မိံ သရီရေပါဠိယေကြော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိသတ္တော နိဇ္ဇီဝေါ အာဗန္ဓနာကာရော အာပေါ ဓာတု။

၂။ သေမှံနာမ ဣမသ္မိံ သရီရေ (ပ) အာဗန္ဓနာ ကာရော အာပေါဓာတု။

၃။ ပုဗ္ဗောနာမ ဣမသ္မိံ သရီရေ (ပ) အာဗန္ဓနာ ကာရော အာပေါဓာတု။

၄။ လောဟိတံနာမ ဣမသ္မိံ သရီရေ (ပ) အာဗန္ဓနာ ကာရော အာပေါဓာတု။

၅။ သေဒေါနာမ ဣမသ္မိံ သရီရေ (ပ) အာဗန္ဓနာကာရေ အာပေါဓာတု။

၆။ မေဒေါနာမ ဣမသ္မိံ သရီရေ (ပ) အာဗန္ဓနာကာရေ အာပေါဓာတု။

၇။ အဿုနာမ ဣမသ္မိံ သရီရေ (ပ) အာဗန္ဓနာကာရေ အာပေါဓာတု။

၈။ ဝသာနာမ ဣမသ္မိံ သရီရေ (ပ) အာဗန္ဓနာကာရေ အာပေါဓာတု။

၉။ ခေဠောနာမ ဣမသ္မိံ သရီရေ (ပ) အာဗန္ဓနာကာရေ အာပေါဓာတု။

၁၀။ သိင်္ဃာဏိကာနာမ ဣမသ္မိံ သရီရေ(ပ) အာဗန္ဓနာကာရေ အာပေါဓာတု။

၁၁။ လသိကာနာမ ဣမသ္မိံ သရီရေ (ပ) အာဗန္ဓနာကာရေ အာပေါဓာတု။

၁၂။ ပိတ္တံနာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ အာဗန္ဓနာကာရေ အာပေါဓာတု။

ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ပိတ္တံနာမ၊ သည်းခြေ မည်သည်ကား။ ပါဋိယေက္ကော၊ အသီးအခြား ဖြစ်သော။ ကောဋ္ဌာသော၊ အဖုသာတည်း။ အယံ၊ ဤသည်းခြေ ဟူသော အာပေါဓာတ်အဖုသည်ကား။ အစေတနော၊ သိတတ်မှတ်တတ် စေ့ဆော်တတ်သော သဘော မရှိသော။ အဗျာကတော၊ ရုပ် အဗျာကတ သာတည်း။ သုညော၊ အစိုးရ

ခြင်း အလိုသို့လိုက်ခြင်းမှ ဆိတ်၏။ နိသတ္တော၊ သတ္တဝါ မဟုတ်။ နိဇ္ဇီဝေါ၊ အသက်မဟုတ်။ အာဗန္ဓနာကာရော၊ ဘွဲ့စေး စီးယိုခြင်း သဘာဝ လက္ခဏာရှိသော။ အာပေါ ဓာတု၊ အာပေါဓာတ် အရသာတည်း။

ကျန် ကောဋ္ဌာသတို့၌ ဤနည်း ရှုပါကုန်။ ပြဆိုခဲ့ပြီး သည့်အတိုင်း ပွားပါလျှင် ကာယ၌ အတ္တ သတ္တ ဇီဝ သဘောရှိ၏ဟု ယူမှားသော ဒိဋ္ဌိချုပ်ရ၏ ဟူလို။

---

## ပုထုဇဉ်တို့ သတ္တ ဇီဝဟု ယူခြင်း၏အကြောင်းကို ပြဦးအံ့

မေး။ မြတ်စွာဘုရားက ပရမတ္ထ အားဖြင့် သတ္တ ဇီဝ သဘောမရှိ နိသတ္တ နိဇ္ဇီဝဟု ဟော ပါလျက် ပုထုဇဉ်တို့က အဘယ့်ကြောင့် သတ္တဇီဝဟု ရှုကြ ပါသနည်း။

ဖြေ။ ၁-ပုထုဇဉ်တို့မှာ အဝိဇ္ဇာ မောဟ ဖုံးမှုကြောင့် ရုပ်,နာမ် ခန္ဓာ၌ရှိသော မမြဲပုံ အနိစ္စလက္ခဏာကို မရှုမမြင်နိုင်သည့် အတွက် အသက် ရှိ၏ဟု ယူ ပါသည်။

၂-ခန္ဓာ၌ မအိုမနာ, မသေရန် အစိုးမရမှု အလို မလိုက်မှု အနတ္တလက္ခဏာကို မရှု မမြင်နိုင်သည့် အတွက် အတ္တ သတ္တဟု ယူကြပါသည်။

ခန္ဓာ ၅-ပါး၌ သတ္တဇီဝ သဘော မရှိ။

နိသတ္တ နိဇ္ဇီဝဟု မှတ်ယူနည်း ဤတွင် ပြီးပြီ။

ထို့ပြင် ခန္ဓာ ၅-ပါး၌ သတ္တဇီဝ သဘောမရှိပုံကို ဒဠှီကမ္မဖြစ်စေခြင်းငှါ အဋ္ဌကထာနှင့်တကွ ပြဦးအံ့။

ယာဝ ဗျာဓိ နိဒ္ဒိသတိ၊
ကောဋိလက္ခာ တဟိံခဏေ။
ခန္ဓာ ဘိဇ္ဇန္တိ ဟုတွာန၊
အနိစ္စာနာမ တေ တတော။
ဘယပိဠိတတော ဒုက္ခာ၊
အနတ္တာ အဝိဓေယတော။
ခန္ဓာ ဘူတာဝ တေ ဟောန္တိ၊
နတ္ထညော ကောစိ နလဗ္ဘတိ။ ။ဟူ၏။

ယာဝ-ယတ္တကေခဏေ၊ အကြင်မျှလောက် သော တခဏ၌။ ဗျာဓိ၊ လူမမာသည်။ နိဒ္ဒိသတိ၊ မျက်စိမှိတ်၏။ တဟိံခဏေ၊ ထိုခဏ၌။ ကောဋိလက္ခာ၊ သင်္ချာတွက်ရေ ကုဋေတသိန်း အတိုင်းအရှည်ရှိကုန်သော။ ယေခန္ဓာ၊ အကြင် ဝိညာဏက္ခန္ဓာ စသော နာမ်ရုပ် တရားတို့သည်။ ဟုတွာန၊ ဖြစ်၍ဖြစ်၍။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ တတော၊ ထို့ကြောင့်။ တေ၊ထိုခန္ဓာတို့သည်။အနိစ္စာ၊ အမြဲမရှိကုန်။

ယေ၊ အကြင် ခန္ဓာတို့သည်။ ဘယပိဠိတတော၊ ဘေးနှိပ်စက်တတ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အဝိဓေယတော၊ သို့ဖြစ်စေခြင်း ဤသို့လျှင်ဟု စီရင်၍ မရအပ်သောကြောင့်။ အနတ္တာ၊ အတ္တမဟုတ်ကုန်။ ဝါ၊ အစိုးရခြင်း အလိုသို့လိုက်ခြင်းရှိသော တရားမဟုတ်ကုန်။ တေ၊ ထိုခန္ဓာတရားတို့သည်။ ခန္ဓာဘူတာဝ၊ ရုပ်, နာမ်,

ခန္ဓာ,သဒ္ဓါရ တရားတို့သည်သာလျှင်။ ပဟာတဗ္ဗ၊ ဖြစ်ကုန်၏။ အညော၊ ခန္ဓာ ၅-ပါးမှ တပါးသော တရားသည်။ နတ္ထိ၊ မရှိပြီ။ ကောစိ။ တစုံတရာ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, သတ္တ, ဇီဝ သဘောကို။ နလဗ္ဘ၊ ရှာ၍မရအပ်ပြီ။

အဓိပ္ပါယ် အထူးမှုကား။ ရှိသောတရားကား ခန္ဓာ ၅-ပါးသာတည်း။ ထိုခန္ဓာကလည်း မျက်စိတမှိတ် လျှပ်တပြက်ခန့်မျှ ကာလမှာပင် ကုဋေတသိန်းမျှ ဖြစ်ပျက်၍နေသော် အဘယ်မှာလျှင် လောက၌ ပြောကြသော အသက် ၅၀-ရှိပြီ ၆၀-ရှိပြီ စသည် အသက်မျိုး အဘယ်မှာ ရှိနိုင်တော့မလဲ။ ထိုဝေါဟာရ အသက်မျိုးမရှိလျှင် အဘယ်မှာလျှင် သတ္တဝါကောင် ရှိနိုင်တော့မလဲ ဟူလို။

ထို့ကြောင့် သတ္တ,ဇီဝရှိ၏ဟူသည် သမ္မုတိသစ္စာ ပညတ်မျှသာတည်း။ ပရမတ္ထအားဖြင့် နိသတ္တ နိဇ္ဇီဝ ပင် ဟူလို။

ဒိဋ္ဌိ ပဟာတဗ္ဗကထာ ဤတွင် ပြီးပြီ။

---

**ဝိစိကိစ္ဆာ ပဟာတဗ္ဗကထာကို ရေးပေတော့အံ့**

မေး။ ဝိစိကိစ္ဆာဟူသည် အဘယ်သို့ပါနည်း။

ဖြေ။ ဝိဂတာ စိကိစ္ဆာတိ ဝိစိကိစ္ဆာ။ စိကိစ္ဆာ၊ မဂ်ဉာဏ်ဟူသော ကုစားခြင်းမှ။ ဝိဂတာ၊ ကင်းသည်တည်း။ ဣတိတသ္မာ၊ ထိုသို့ မဂ်ဉာဏ်ဖြင့် ကုစား

ခြင်းမှ ကင်းသဖြင့် အာရုံကို မဆုံးဖြတ်နိုင်ဘဲ သို့လောသို့လော နှစ်ခွဖြစ်နေသည်၏ အဖြစ်ကြောင့်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာမည်၏။

တနည်း။ အာရမ္မဏံ နိစ္ဆေတုံ အသက္ကောန္တော ဝိရမတိ ကိလမတီတိ ဝိစိကိစ္ဆာ။

အာရမ္မဏံ၊ အာရုံကို။ နိစ္ဆေတုံ၊ ဆုံးဖြတ်ခြင်းငှါ။ ဝါ၊ နိစ္စ, သုခ, အတ္တ, သတ္တလော၊ အနိစ္စ, ဒုက္ခ, အနတ္တ, နိသတ္တ, နိဇ္ဇီဝလော စသဖြင့် ဆုံးဖြတ်ခြင်းငှါ။ အသက္ကောန္တော၊ •မတတ်နိုင်သည်ဖြစ်၍။ ဝိရမတိ ကိလမတိ၊ ငြိုငြင်ပင်ပန်းဆင်းရဲတတ်၏။ ဣတိတသ္မာဝိ၊ ထို့ကြောင့်လည်း။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာမည်၏။

ဥပမာ-ခရီးသွားသောသူသည် လမ်းနှစ်ခွ တွေ့သောအခါ၊ မိမိလိုရာဌာနသို့ ရောက်ရန် ဘယ်လမ်းကမှန်သည် ဟု မဆုံးဖြတ်နိုင်သဖြင့် စိတ်ပင်ပန်းသောသူကဲ့သို့တည်း။

၁၆-ပါးသော ယုံမှားခြင်း။ ၈-ပါးသော ဝိစိကိစ္ဆာရှိသည် အနက်၊ သုတ္တန်နည်း ယုံမှားခြင်း ၁၆-ပါးကို ပဌမ ပြဦးအံ့။

ယုံမှားခြင်း ဟူသည်ကား၊ သတ္တဝါ ရှိ၏ဟု ယူသောအယူမှ ဖြစ်ပေါ်လာမှု ပင်တည်း။ ပရမတ္ထ အားဖြင့် သတ္တဝါပင် မရှိဟု မြင်သိလျှင် ယုံမှားမှု မရှိတော့ပြီ။

## ယုံမှားခြင်း ၁၆–ပါးကား

၁။ အဟောသိံ နုခေါ အဟံ အတီတ မဒ္ဓါနံ၊

၂။ နနုခေါ အဟောသိံ အတီတ မဒ္ဓါနံ၊

၃။ ကိံနုခေါ အဟောသိံ အတီတ မဒ္ဓါနံ၊

၄။ ကထံနုခေါ အဟောသိံ အတီတ မဒ္ဓါနံ၊

၅။ ကိံဟုတွာ ကိံအဟောသိံ နုခေါ အဟံ အတီတ မဒ္ဓါနန္တိ ပဥ္စဝိဓာ ဝိစိကိစ္ဆာ (ဝိသုဒ္ဓိမဂ်)

၁။ အတိတ်အခွန့်၌ ငါဖြစ်ဘူးသလော။

၂။ ငါမဖြစ်ဘူးသလော၊

၃။ အဘယ်သို့သောသူ ဖြစ်ဘူးသနည်း။

အဓိပ္ပါယ်။မင်းမျိုး၌ ဖြစ်ဘူးသလော။ ပုဏ္ဏားမျိုး၌ ဖြစ်ဘူးသလော။ သူဌေးမျိုး၌ ဖြစ်ဘူးသလော။ ကုန်သည် လယ်လုပ် စသည်၌ ဖြစ်ဘူးသလော။

၄။ အတိတ်အခွန့်၌ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ဘူးသနည်း။

အဓိပ္ပါယ်၊ အရပ် ပုပုလော၊ အရပ် မြင့်မြင့်လော၊ ဝိန်ဝိန်လော၊ ဝဝလော၊ ဖြူဖြူလော၊ ညိုညိုလော စသည်ဖြင့် ယုံမှားသည်။

၅။ အဘယ်သို့သောသူ ဖြစ်ဘူး၍ အဘယ်သို့သောသူ ဖြစ်ပြန်မည်နည်း။

အဓိပ္ပါယ်။ ဆိုခဲ့ပြီးသော အဖြစ်အမျိုးမျိုးတို့တွင် ဘယ်သူဖြစ်ပြီး တဘန် ဘယ်သူ ဖြစ်ကြဦးမည်နည်း။

ဤသို့ အတိတ် အခွန့်၌ ၅-ပါးသော ယှိုမှားခြင်း ပြီး၏။

၁။ ဘဝိဿာမိ နုခေါ် အဟံ အနာဂတ မဒ္ဓါနံ။

၂။ နနုခေါ် ဘဝိဿာမိ အနာဂတ မဒ္ဓါနံ။

၃။ ကိံ နုခေါ် ဘဝိဿာမိ အနာဂတ မဒ္ဓါနံ။

၄။ ကထံနုခေါ် ဘဝိဿာမိ အနာဂတ မဒ္ဓါနံ။

၅။ ကိံ ဟုတွာ ကိံ ဘဝိဿာမိနုခေါ် အဟံ အနာဂတ မဒ္ဓါနံ တိ ပဉ္စဝိဓာ ဝိစိကိစ္ဆာ (ဝိသုဒ္ဓိမဂ်)

၁။ အနာဂတ်၌ ငါဖြစ်လတ္တံ့သော။

၂။ မဖြစ်လတ္တံ့လော။

၃။ အနာဂတ်၌ အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း။ အဓိပ္ပါယ်ကို အထက်နည်း သိပါ။

၄။ အနာဂတ် အခွန့်၌ အသို့ဖြစ်၍ အသို့ဖြစ်လတ္တံ့နည်း။

၅။ အနာဂတ် အခွန့်၌ အသို့ဖြစ်၍ အသို့ဖြစ်လတ္တံ့နည်း။

အဓိပ္ပါယ်များကို အတိတ်မှာကဲ့သို့ သိပါကုန်။

အနာဂတ်အတွက် ပြီးပြီ။

၁။ အဟံ နုခေါသ္မိ။ ၂။ နောနုခေါသ္မိ။ ၃။ ကိံ နုခေါသ္မိ။ ၄။ ကထံ နုခေါသ္မိ။ ၅။ အယံ နုခေါ သတ္တော ကုတော အာဂတော။ ၆။ သော ကုဟိံ ဂါမီဘဝိဿတီတိ ဆဗ္ဗိဓါ ဝိစိကိစ္ဆာ။(ဝိသုဒ္ဓိမဂ်)

၁။ ငါ ဖြစ်သလော။

၂။ ငါ မဖြစ်သလော။

၃။ အဘယ်သို့သောသူ ဖြစ်ဘူးသနည်း။
အဝိပ္ပါယ်ကို အတိတ်မှာကဲ့သို့ ရှုပါ။

၄။ အဘယ်သို့သော အရာအားဖြင့် ဖြစ်ဘူးသနည်း။
အဝိပ္ပါယ်ကို အတိတ်မှာကဲ့သို့ ရှုပါ။

၅။ ဤ သတ္တဝါသည် အဘယ်အရပ်မှ လာသနည်း။

၆။ ထို သတ္တဝါသည် အဘယ်၌ ဖြစ်လတံ့နည်း။

ပစ္စုပ္ပန် ဝိစိကိစ္ဆာ ၆-ပါး ပြီးပြီ။

---

## ကျက်မှတ်ရန် လင်္ကာ

၁။ အတိတ် ကာလ၊ ငါဖြစ်ရပြီ။ ၂။ မဖြစ်ပြီနှင့်။ ၃။ တလီမျိုးဇာတ်။ ၄။လုံးရပ်ခြင်းရာ။ ၅။ ဆင့်ဆင့်ဖြာ၊ဖြစ်လာခဲ့လေသနည်း။

၁။ နာဂတ်ကာလ၊ ငါဖြစ်ရမည်။ ၂။ မဖြစ်မည် နှင့်။ ၃။ တလီမျိုးဇာတ်။ ၄-လုံးရပ်ခြင်းရာ၊ ၅-ဆင့်ဆင့်ဖြာ၊ ဖြစ်လာဦးမည်နည်း။

ယခု ငါဟာ၊ ငါသာ ဟုတ်လား၊ မဟုတ်လားနှင့်၊ မျိုးချားဇာတိ၊ ဆင်းရှိသဏ္ဌာန်၊ တိတ်ံဘဝ၊ နာဂတမှာ၊ ဘယ်ဟာ ဖြစ်ငြား၊ ဤ ၆-ပါးသည်၊ ယုံမှားသံသယ ပစ္စုပ်တည်း။

အတိတ် ၅။ အနာဂတ် ၅။ ပစ္စုပ္ပန် ၆။ ပေါင်း ယုံမှားခြင်း ၁၆-ပါး အဓိပ္ပါယ်ပြီး၏။

---

ဤ ယုံမှားခြင်းတို့ကား၊ သက္ကာဝါ ငါရှိ၏ဟု ယူသော ပုထုဇဉ်များ၌ ဖြစ်၏။ အရိယာတို့မှာ ယုံမှားခြင်းကို ပယ်ပြီး ဖြစ်သောကြောင့် နောက်ထပ် မဖြစ်နိုင်တော့ပြီ။

ဤ၌ ဓမ္မစကြာ သစ္စာ လေးပါးနည်းဖြင့် ယုံမှားမှုကို ပယ်လိုသော် အတိတ်ကလည်း ပုဂ္ဂိုလ် သက္ကာဝါ ဖြစ်မှု မဟုတ်၊ တဏှာ သမုဒယကြောင့် ဇာတိစသော ဒုက္ခဖြစ်ခဲ့၏။ ယခုလည်း သမုဒယကြောင့် ဒုက္ခဖြစ်ဆဲ၊ အနာဂတ်မှာလည်း နိဗ္ဗာန်မရမှီ အကြောင်း သမုဒယကြောင့် ဇာတိ စသော ဒုက္ခ ဖြစ်လတ္တံ့ဟု နှလုံးသွင်းအပ်၏ ဟူလို။

သုတ္တန်နည်း ဝိစိကိစ္ဆာဖြစ်ပုံ ပယ်ပုံပြီးပြီ။

---

**အဘိဓမ္မာနည်း ဝိစိကိစ္ဆာ ပယ်ပုံကို ပြဦးအံ့**

ဓမ္မသင်္ဂဏီ ပါဠိတော်အရ၊ ဗုဒ္ဓေ ကင်္ခတိ၊ ဓမ္မေ ကင်္ခတိ၊ သံဃေ ကင်္ခတိ၊ သိက္ခာယ ကင်္ခတိ၊ ပုဗ္ဗန္တေ ကင်္ခတိ၊ အပရန္တေ ကင်္ခတိ၊ ပုဗ္ဗန္တာ အပရန္တေ ကင်္ခတိ၊ ဣဒပ္ပစ္စယတာ ပဋိစ္စ သမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ၊ ဟူ၍ ၈စ်ပါးရှိ၏။

ထို ၅စ်ပါးတို့တွင် ဓမ္မကန်တိ၌ အဋ္ဌကထာ ဆရာပြ သည်ကား၊ ကိလေသေ ပဇဟာန္တော စတ္တာရော အရိယမဂ္ဂါ ပဋိပဿဒ္ဓိ ကိလေသာနိ စတ္တာရိ သာမည ဖလာနိ မဂ္ဂ ဖလာနံ အာရမ္မဏာ ပစ္စယဘူတံ အမတံ မဟာနိဗ္ဗာနံ နာမ အတ္ထိ နူခေါ နတ္ထိဘိ ကင်္ခတောဝိ အယံဓမ္မော နိယျာနိကော နူခေါ အနိယျာနူခေါတိဓမ္မကန်ဘိနာမ။ (အဋ္ဌကထာပါဌ်)

အဓိပ္ပါယ်ကား။ သောတာပတ္တိ မဂ်စသော မဂ်လေး ပါးသည် လောဘစသော ကိလေသာကို ပယ်စွန့်တတ် ကုန်၏ဟူသည် ဟုတ်မှ ဟုတ်ပါမည်လော။

ဖိုလ် လေးပါးသည် မဂ်ဖြင့်ပယ်ပြီး ကိလေသာကို အခိုးအငွေ့မျှ မကျန်ရအောင် ထပ်၍ ငြိမ်းစေ၏ ဟူသည် ဟုတ်မှ ဟုတ်ပါမည်လော။

ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော သေခြင်းကင်းသော မဟာနိဗ္ဗာန်ရှိ၏ ဟူသည် ဟုတ်လေသလော မဟုတ်လေ သလော၊ မဂ္ဂင်၅စ်ပါးသည် ဝဋ်မှ ထုတ်ဆောင်၏ ဟူသည် ဟုတ်လေသလော မဟုတ်လေသလော၊ ဤသို့ ယုံမှား၏။

ဤ၌မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန် ဟူသော လော ကုတ္တရာတရားကိုးပါးရှိ၏ ဟူသည် အမှန်ပင်ဟုဆုံးဖြတ် အပ်၏ ဤသို့ဆုံးဖြတ်နိုင်လျှင် ဓမ္မကန်ဘိ အရ၊ဝိစိကိစ္ဆာ ပယ်မှုကိစ္စ ပြီးစီးလေတော့၏။

ထို ဓမ္မကန်တိကို စင်ကြယ်စွာ ဆုံးဖြတ်နိုင်ခြင်းငှါ၊ သစ္စာလေးပါးကို အာရုံ အာရမ္မဏိကအားဖြင့် ဝေဘန်၍ ရှုသင့်၏။ ထို့ကြောင့် ပြဦးအံ့။

၁။ မြတ်စွာဘုရားက ဓမ္မစကြာ၌ ဇာတိစသော ဒုက္ခတို့သည် တဏှာ သမုဒယကြောင့် ဖြစ်ကုန်၏ ဟု လောကီသစ္စာ၌ စကားတခွန်း, သမုဒယသစ္စာကို မဂ်ဖြင့်ချုပ်စေလျှင် ဇာတိစသော ဒုက္ခချုပ်၏ ဟု လောကုတ္တရာ သစ္စာ၌ စကားတခွန်း, ဤသို့လျှင် သစ္စာလေးပါးကို စကားနှစ်ခွန်း အဓိပ္ပါယ်ဖြင့် ဆုံးဖြတ်တော်မူ၏။

၂။ ထိုစကား ၂- ခွန်းကို အာရုံ အာရမ္မဏိကအားဖြင့် ခွဲခြား၍ ရှုလျှင် ဓမ္မ ကမ်တိ ချုပ်ရလေတော့၏။

၃။ ဥပမာ—ဆံပင်, မွေးညှင်း, မျက်စိ, နား, နှာ, အင်္ဂါ, ခြေလက်စသော ရူပကာယကို ခင်တွယ်သော လောဘစိတ်ဖြစ်၏။ ဤ၌ မျက်စိ စသော ရူပကာယကား အာရုံတည်း။ ခင်တွယ်တတ်သော လောဘစိတ်ကား အာရမ္မဏိကတည်း။ ဤ၌ လောကီသစ္စာ အာရုံ အာရမ္မဏိက တတွဲဖြစ်၏။

၄။ ဖြစ်မှုချုပ်သော အနုပ္ပါဒ သဘောကား နိဗ္ဗာန် အာရုံတည်း။ ချုပ်ခြင်းကို နှစ်သက်တတ်သော စိတ်ကား အာရမ္မဏိက မဂ်စိတ်တည်း။ ဤ၌ လောကုတ္တရာသစ္စာ တတွဲဖြစ်၏။

၅။ ဒုက္ခ သမုဒယ လောကီသစ္စာ ၂-ပါး လွှမ်းမိုးနေလျှင် သံသရာစက် မပြတ် လည်လေတော့၏။

နိရောဓ မဂ္ဂ လောကုတ္တရာသစ္စာ ၂-ပါး လွှမ်းမိုး နိုင်လျှင် ဇာတိစသော သံသရာစက် ချုပ်ရ လေတော့၏။

၆။ ထိုဒုက္ခ သမုဒယ အတွဲအား ချုပ်စေလိုလျှင် 'ဥပ္ပါဒေါ ဒုက္ခံ၊ ဟူသော ပဋိသမ္ဘိဒါ မဂ်အရ၊ ဒုက္ခသစ္စာကို နာနာဂရှုမှ၊ နာနာရှုသဖြင့် ဉာဏ် မြင်သန်၊ သမုဒယ ဘဝတဏှာ ချုပ်မှ စိတ်ချ၊ ဘဝတဏှာမှ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဇာတိ ဖြစ်နိုင်တော့မလဲ၊ ရေမြေ မျိုးစေ့မှ မရှိလျှင် အ ဘယ်မှာလျှင် အပင်ပေါက်နိုင်တော့မလဲ၊ မဂ္ဂင် ပွါးမှုဟူသည် ဤသို့ အမှန်မြင်သိမှုကိုပင် မှတ်ဘို့ ပါဘဲ၊ ဤသို့ အားဖြင့်လည်း ဝိမ္ဘေကင်္ခာကို ပယ်အပ်၏။

သောတာပတ္တိမဂ် ဟူသော ဤပဌမ မဂ် အတွက်မှာ ဗဟုဿုတ လိုရင်းဖြစ်၏။ ထို့ကြောင့် သစ္စာလေးပါးတို့ နှံ့ ယုံမှားခြင်း ဝိစိကိစ္ဆာကို ပယ်နိုင်ခြင်းငှါ သစ္စာကို ပေါက်တတ်သော ပညာရှိတို့ထံ ဆည်းကပ် ကြားနာ၍ ဖြစ်စေ၊ တနည်း၊ ဓမ္မစကြာ သစ္စာလေးပါးကို ကျက်မှတ် ၍ မသိသော အနက် အဓိပ္ပါယ်များကို သိသော ပညာ ရှိများထံ မေးမြန်းပြီး အဘန်ဘန် ဆင်ခြင်၍ဖြစ်စေ၊ စတု သစ္စဒဋ္ဌီ ကမ္မကထာ၊ သစ္စဒီပက ကထာ၊ သောတာပတ္တိ မဂ္ဂကထာများကို ကြည့်ရှုမှတ်သား၍ ဖြစ်စေ၊ သစ္စာကို မြင်သိ လွယ်စေခြင်းငှါ ရေးထားသော ကထာများကို

ကျက်မှတ်၍ဖြစ်စေ၊ အကြိမ်ကြိမ် အဘန်ဘန် ကျင့်ကြံ အားထုတ်ပါလျှင်၊ သစ္စာ လေးပါးတို့၌ ယုံမှားကင်း၍ မဂ်သို့ရောက်နိုင်ပေမည်၊ ထို့ကြောင့် ပြဦးအံ့။

သမုဒယကြောင့်၊ ဖြစ်ထ ဒုက္ခသစ္စံ။ သမုဒယပယ်က၊ ထိုဒုက္ခ၊ မရချုပ်မည်မှန်၊ လေးရပ်ဤမျှ၊ မြင်သိက ဖြစ်ထ သောတာပန်။ ဤကား မေ့မိဒ္ဓါန်။

ထိုမေ့မိဒ္ဓါန်မှ ပုဂ္ဂလ မိဒ္ဓါန်တို့သို့ ရောက်စေရန် ကထာကား။ "ဖြစ်လိုမှုကြောင့်၊ ဖြစ်မှု ဇာတိဒုက္ခံ၊ ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထိုဒုက္ခံ။

၁။ အဓိပ္ပါယ်ကား။ ဖြစ်လိုမှု- ဟူသည် မိမိတို့၏ ကာမတဏှာ ဘဝတဏှာ စသည်တို့ပင်တည်း။

၂။ ဖြစ်မှု ထိုဒုက္ခံ-ဟူသည် မိမိတို့၏ ဇာတိစသော ဒုက္ခတို့ ဖြစ်မှုပင်တည်း။

၃။ ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု-ဟူသည် ဇာတိ ဖြစ်ခြင်း၌ ဇရာ၊ ဗျာဓိ၊ မရဏ၊ အပါယစသော ဒုက္ခတို့ကို ရှုမြင်သော သမ္မာဒိဋ္ဌိ စသော မဂ်ပင်တည်း။

၄။ ချုပ်မှု ထိုဒုက္ခံ-ဟူသည် ဖြစ်မှုချုပ်သော အဇာတ၊ အပဝတ္တ၊ အနုပ္ပါဒ နိဗ္ဗာန်ပင်တည်း။

သစ္စာ ၄-ပါးတို့၌ ဤသို့ ဆုံးဖြတ်နိုင်လျှင် မေ့ကင်းတိ အရ၊ တရား၌ ယုံမှားခြင်း ဝိပဿနာပယ်မှု ပြီးရကား။ သောတာပတ္တိမဂ်စသည်ကို ရနိုင် ရောက်နိုင်၏ ဟူလို။

အဓိပ္ပါယ် အထူးမှုကား။ ဓမ္မဝိဋ္ဌာန်၌ မည်သူ့ ဒုက္ခ၊ မည်သူ့ တဏှာ၊ မည်သူ့ နိဗ္ဗာန်၊ မည်သူ့ မဂ်ဟု ခွဲခြားမှု မရှိပေ။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ဟူသော ပါဠိ အရ။ ဝိညူဟိ၊ ပညာရှိ တို့သည်။ ပစ္စတ္တံ၊ အသီးသီး။ ဝေဒိတဗ္ဗော၊ ဉာဏ်ထိုးထွင်း၍ ချွတ်ယွင်း မရှိ မြဲသတိဖြင့် သိအပ်၏။

ထို အဓိပ္ပါယ်အရ ပုဂ္ဂလာဝိဋ္ဌာန်အနေအားဖြင့် မိမိတို့ အတွက်သို့သွင်း၍ နှလုံးသွင်းမှသာ မိမိ၏ ယုံမှားမှုကို ပယ် နိုင်ပေမည်။

ထိုဓမ္မာဝိဋ္ဌာန်မှ ပုဂ္ဂလာဝိဋ္ဌာန်သို့ သွင်း၍ ဆင်ခြင်ပါ လျှင်၊ သစ္စာ ၄-ပါး အနက် မိမိသည် မည်သည့် သစ္စာ၌ ယုံမှားခြင်းရှိသေး၏။ မည်သည့် သစ္စာ၌မူကား ယုံမှား ခြင်းမရှိပြီ။ အကယ်၍ သစ္စာတပါးပါး၌ ယုံမှားခြင်းရှိခဲ့ လျှင် ထိုယုံမှားခြင်းကိုပယ်ဖျောက်နိုင်သော ဆရာများထံ ဆည်းကပ် ကြားနာ၍ ပယ်အပ်ပေမည်။

ထို သစ္စာ ၄-ပါးတို့၌ အလုံးစုံ ယုံမှား ကင်းလျှင်။ မိမိ သည် သောတာပတ္တိသို့ ရောက်ပြီ ဂုဏ်ဟု ရဲရဲဝံ့ဝံ့ဆုံးဖြတ် နိုင်ပေမည်။

ဤသို့ ဆုံးဖြတ်ခြင်းသည် ပင်လျှင် ပစ္စဝေက္ခဏာ လည်း မည်၏။

ထို့ပြင် ဒုက္ခသစ္စာကို သိအပ်သော ကိစ္စရှိသည့်အတိုင်း သိပြီးပြီ။ သမုဒယသစ္စာ တဏှာကို ပယ်အပ်သော ကိစ္စ

ရှိသည့် အတိုင်း ပယ်ပြီးပြီ။ နိရောဓသစ္စာကို မျက်မှောက် ပြုအပ်သော ကိစ္စရှိသည့်အတိုင်း မျက်မှောက် ပြုပြီးပြီ။ မဂ္ဂသစ္စာကို ပွားအပ်သော ကိစ္စရှိသည့်အတိုင်းပွားပြီးပြီ ဟူ၍ သိသော သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်,နှင့် လည်း ပြည့်စုံလေတော့၏ ဟူလို။

ဓမ္မကခ်တိအရ ဝိဝိကိစ္ဆာပယ်ပုံပြီးပြီ။

---

ဝဋ်မှ လျှင်မြန်စွာ ထွက်မြောက်လိုသော ပုဂ္ဂိုလ်တို့ အထူး သတိ ပြုရန် အရေး အကြီးဆုံး အချက်ကို သတိ ပေးပါအံ့။

ဝဋ်မှ ထွက်မြောက်ရန် မြတ်စွာဘုရားက ပရိယတ်, ပဋိပတ်,ပဋိဝေဓ,ဟူ၍ အဆုံးအမ သာသနာသုံးရပ်ထား ခဲ့သည့်အတိုင်း၊ ရှေးဦးစွာ ပရိယတ်အနေဖြင့် ဗဟုသု တ ရှိထားရပေမည်။

၁။ မိမိတို့ သန္တာန်မှာ အဘယ်တရား ရှိသနည်း။ ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာရှိ၏ဟု ဗဟုသုတအနေဖြင့် သိထားရမည်။

၂။ ထိုနောက် ထို ရုပ် နာမ် ခန္ဓာ ဘာကြောင့် ဖြစ်သ နည်း။ မိမိ လိုချင်မှု တဏှာကြောင့် ဖြစ်၏ဟု ဗဟုသုတ ရှိထားရမည်။

၃။ ထိုတဏှာချုပ်လျှင် ဇာတိချုပ်၏၊ နိဗ္ဗာန်ရ၏ဟု ဗဟုသုတ ရှိထားရမည်။

၄။ ထိုတရားကို ချုပ်လိုက မိမိသန္တာန်၌ ရှိသော ဒွတ္တိံသာကာရ မျက်စိ, နား, နှာ, အင်္ဂါ, ခြေ လက် စသော ရုပ်ဝိတ် စေတသိက် တို့၏ မမြဲမှု ဆင်းရဲမှု, အစိုးမရ အလိုမလိုက်မှုတို့ကို ဆင်ခြင် လျှင် တရားချုပ်၏ဟု သိထားရမည်။

၅။ ထို့ပြင် ပရိယတ် အလို့ငှါဓမ္မစကြာ သစ္စာ-၄-ပါး တို့ကို ကျက်မှတ် ထားရမည်။ အကယ်၍ ဤမျှ လောက်မှ မကျက်မမှတ် နိုင်လျှင်၊ ထိုဓမ္မစကြာကို အကျဉ်းချုံး၍ ရေးထားသော ''ဖြစ်လိုမှုကြောင့်၊ ဖြစ်မှုဇာတိဒုက္ခံ။ ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထိုဒုက္ခံ''ဟူသော ကထာကို ကျက်ထားရမည်။

၆။ ဤသို့ ကျက်မှတ်ထားခြင်းသည် ပရိယတ်မည်၏။ ထိုပရိယယ်ကို အမှီပြု၍ အဖန်ဖန် ဆင်ခြင်ခြင်း သည် ပဋိပတ် မည်၏။ အဖန်ဖန် ဆင်ခြင် သဖြင့် ပရိယတ်, ပဋိပတ်၌ တည်သော ဉာဏ်အမြင် သက်ရောက်လျှင်၊ မိမိသည် သစ္စာ မြင်သိမှု ဟူ သော ပဋိဝေဓ သာသနာ၌ တည်ပြီဟု ဆုံးဖြတ် ရမည်။

ဤသို့ ပရိယတ်ကို အခြေမူလ မပြုဘဲ အားထုတ်ခဲ့ သော်၊ ပဋိပတ် လမ်းမှန်ကျခဲသည်။ လမ်းမှန် မကျ ကလည်း မဂ်သို့ ရောက်ရန် ခဲယဉ်းသည်။

ထို့ပြင် မိမိသည် မဂ်ကိုရပြီဟု ဆုံးဖြတ်ရန် ခဲယဉ်းသည်၊ မဆုံးဖြတ် နိုင်ကလည်း ဝိစိကိစ္ဆာ မကင်းသော ကြောင့် မဂ်ကို မရနိုင်ဟူလို။

အထူး သတိပေးပုံ ပြီးပြီ။

---

ဒိဋ္ဌ ဝိစိကိစ္ဆာ ချုပ်ရာ၌ တဒင်္ဂချုပ်ပုံ, သမုစ္ဆေဒ အားဖြင့် အပြီး အပြတ် ချုပ်ပုံကို ခွဲခြား၍ သိအပ်၏၊ ထို့ကြောင့် ပြဦးအံ့။

မဂ်စိတ်မဖြစ်မီ ရှေးအခါက. သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် ဝိပဿနာကို ပွားသောကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်၏၊ ဤ ချုပ်ခြင်းကား လောကီ မဟာကုသိုလ် စိတ်ဖြင့် ချုပ်ရခြင်းကြောင့် တဒင်္ဂ မျှသာတည်း။

မဂ်စိတ် ဖြစ်မှသာ အပြီးအပြတ် သမုစ္ဆေဒ အားဖြင့် ချုပ်၏၊ ပါဠိတော်ကား—

သဟာဝဿ ဒဿန သမ္ပဒါယ၊ တယဿုဓမ္မာ ဇဟိတာ ဘဝန္တိ။

သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံဝါပိ ယဒတ္ထိ ကိဉ္စိ။

စတူဟ ပါယေဟိစ ဝိပ္ပမုတ္တော၊ ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အသဿ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ဒဿနသမ္ပဒါယ၊ သောတာပတ္တိမဂ်၏ ပြည့်စုံခြင်းနှင့်။ သဟာဝ၊ တပြိုင် နက်သာလျှင်။ ဇဟိတာ၊ စွန့်အပ်ကုန်သော။ ဓမ္မာ၊ ကိလေသာ တရားတို့သည်။ သက္ကာယ ဒိဋ္ဌိစ၊ သက္ကာယ အယူရင်း။ ဝိစိကိစ္ဆိတဉ္စ၊ ရှစ်ပါးသောအရာ, ၁၆-ပါး သော အရာတို့၌ ယုံမှားခြင်းရင်း။ သီလဗ္ဗတံ ဝါပိ၊ နွား, ခွေး,စသည်တို့၏ အလေ့အကျင့်ဖြင့် သံသရာမှ ထွက် မြောက်၏ ဟူသောအယူရင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ကိဉ္စိ၊ အနည်းငယ် စိုးစဉ်း မျှသော ကိလေသာသည်။ ယဒိ အတ္ထိ၊ အကယ်၍ ကား ရှိသေး၏။ တဒာပိ၊ ထိုသို့ပင် ရှိသေးသော်လည်း။ သော၊ ထို သောတာပန် ပုဂ္ဂိုလ်သည်။ စတူဟိ၊ လေး ပါးကုန်သော။ အပါယေဟိ၊ အပါယ်တို့မှ။ ဝိပ္ပမုတ္တော၊ လွတ်ပြီ၊ ဆ ခြောက်ပါး ကုန်သော။ အဘိဌာနာနိစ၊ ရုန့်ရင်းသော အနန္တရိယ ကံငါးပါးနှင့် အညသတ္ထာ ရုဒ္ဒေသ ဟူသော ဤမြတ်စွာ ဘုရားမှ တပါး တခြား၌ ဆရာရှာခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ သံဃေ၊ သံဃာတော်၏။ ဣဒမ္ပိ ရတနံ၊ ဤရတနာသည် လည်း။ ပဏီတံ၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသစ္စာ စကား ကြောင့်။ ဣမေသံ၊ ဤသတ္တဝါတို့အား။ သုဝတ္ထိ၊ ချမ်းသာ ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤ၌ သောတာပန်စသော အရိယာ သံဃာတို့အား ကြည်ညိုကြစေရန် ပါဠိအနက် အပြည့်အစုံ ထည့်လိုက်

ပေသည်၊ (ထိုအနက်သည်လည်း အပြစ်ကင်းသော ရှေးရိုးအနက်ဟူ၍ နှစ်ကျိပ်ရှစ်ဆူ ဆရာတော်၏ နိဿယ အနက် ပေတည်း)။

ဤ ဂါထာပါဌ် အနက်တို့တွင် အထူး သိစေလိုမှုကား။ သမ္မာဒိဋ္ဌိ မဂ္ဂင်ကို ပွားသဖြင့်။ ဝါ၊ ဝိပဿနာ ဉာဏ်ဖြင့် အဖန်ဖန် ရှုသဖြင့်ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်ခြင်းကား တဒင်္ဂမျှသာ ရှိသေး၏ဟု မှတ်အပ်၏။ အဘယ့်ကြောင့် ဆိုသော် လောကီ မဟာကုသိုလ်နှင့် ယှဉ်၍ ပယ်ရသောကြောင့်တည်း။ မဂ်စိတ်ဖြစ်၍ မဂ္ဂဝိထိကျမှသာလျှင် သမုစ္ဆေဒ ချုပ်၏ ဟူလို။

## ထို့ကြောင့် မဂ္ဂဝိထိကျပုံကို ပြဦးအံ့

ဖြစ်လျှင်ဒုက္ခ၊ ချုပ်မှ သုခနိဗ္ဗာန်၊ ချုပ်ခြင်းအမှု၊
နှစ်သက်ပြု၊ ပြီးမှုမဂ်ကိစ္စ၊ ဟူသော ကထာအရ–

အဓိပ္ပါယ်မှာ၊ ဖြစ်လျှင် ဒုက္ခကား ဖြစ်ခြင်းရှိသော သင်္ခါရဟူသော အနိစ္စသော လက္ခဏာကိုရှုသော ပရိကံ၊ ဥပစာ၊ အနုလုံ ဇောတို့ပင်တည်း။ ချုပ်မှ သုခနိဗ္ဗာန်ဟု နိဗ္ဗာန်ကို အာရုံပြုသောဇောကား ပုထုဇဉ် အနွယ်ကို ဖြတ်သော ဂေါတြဘူဇောပင်တည်း။ ဇာတိ ဖြစ်မှု ဒုက္ခ ချုပ်သော သဘောကား နိဗ္ဗာန်တည်း။ ထို ချုပ်ငြိမ်းမှုကို နှစ်သက်ခြင်းကား မဂ်ဇောတည်း။ ဤသို့ နိဗ္ဗာန် အာရုံနှင့် အာရမ္မဏိက မဂ်ဇောကျလျှင် မဂ်ကိစ္စ လေးပါး ပြီးရကား သောတာပတ္တိ မဂ်ဖိုလ်၌ တည်၏ ဟူလို။

## သစ္စာ လေးပါးကို လျင်စွာ ထင်မြင်လွယ်စေခြင်း၌ အမေးအဖြေနှင့် တကွ ပြဦးအံ့

**မေး။** မိမိတို့ သန္တာန်မှာ ယခု ရှိနေသောဆံပင်, မွေး ညှင်းစသော ခက်မာခြင်း လက္ခဏာ ရှိသော ပထဝီဓာတ်- ၂၀။ သည်းခြေ,သလိပ် စသော ဖွဲ့စည်းခြင်း လက္ခဏာရှိသော အာပေါဓာတ် ၁၂။ သန္တပ္ပန, ဇီရဏ စသော ပူအေးခြင်း လက္ခဏာရှိသော တေဇောဓာတ် ၄။ အထက် ဆန်သော လေ, အောက်ဖုန်သောလေ စသော ထောက်ကန်ခြင်း လက္ခဏာရှိသော ဝါယော ဓာတ်-၆။ မျက်စိ, နား, နှာ, အင်္ဂါ ခြေ လက် စသောမသိတတ်သောရုပ်နှင့် အာရုံကို သိတတ် မှတ်တတ် ခံစားတတ်သော နာမ်တရားတို့ ရှိနေ ခြင်းသည် သုခရှိနေခြင်းလော ဒုက္ခရှိနေခြင်း လော-

**ဖြေ။** ထိုတရားတို့၌ အို,နာ,သေမှုစသောမမြဲမှုအနိစ္စ၊ ဆင်းရဲမှုဒုက္ခ၊ အစိုးမရ အလိုသို့ မလိုက်သော တရားများဖြစ်သောကြောင့် သုခရှိနေမှု မဟုတ် ပါ။ ဒုက္ခရှိနေမှု မှန်ပါသည်။

**မေး။** အဘယ်သို့ ကိုယ်တိုင် တွေ့ရှိသောကြောင့် ဤ ကဲ့သို့ဖြေဆိုပါသနည်း။

**ဖြေ။** သွားကျိုး, ဆံဖြူ, မျက်စိမှုံ,နားထိုင်း, ခါးကိုင်း, ကုန်းကွ စသော ဇရာဒုက္ခ၊ ခေါင်းခဲ ဝမ်းနာ,

ဖျားနာခြင်းစသော ပျောမွေ့ဒုက္ခမဒိ မနာမသေဘဲ မြဲလိုသော ဆန္ဒရှိသော်လည်း ထိုဆန္ဒအတိုင်း ဖြစ်စေရန် အစိုးမရ အလိုသို့ မလိုက်သော ကိုယ်မှာရှိသော်လည်း ကိုယ်ပိုင် မဟုတ်သော အနတ္တနှင့်တွေ့ကြုံ နေရသောကြောင့် သုခမရှိ ဒုက္ခသစ္စာသာတည်းဟု ဖြေဆိုပါသည်။

ဒုက္ခသစ္စာ မြင်သိပုံ ပြီး၏။

---

**မေး။** ထိုဒုက္ခတို့ကို မည်သူလုပ်သလဲ ဘာ့ကြောင့် ဖြစ်ပေါ်လာသလဲ။

**ဖြေ။** ထိုဒုက္ခတို့ကို မည်သူမျှ မလုပ်ပါ။ မိမိတို့ လိုချင်မှုတဏှာ ထိုတဏှာကြောင့် ပြုလုပ်သောကံ။ ထိုကံကြောင့် ဇာတိ စသော ဒုက္ခဖြစ်ပါသည်။

**မေး။** အဘယ်သို့ တွေ့ကြုံ ရသောကြောင့် ဤကဲ့သို့ ဖြေဆိုရပါသလဲ။

**ဖြေ။** မိမိတို့ သန္တာန်မှာ ရှိသော ဆံပင်, မွေးညှင်း, ခြေလက် စသည်တို့နှင့် ဂုဏ်။ သုခသောမနသာ ဝေဒနာတို့နှင့်ဂုဏ်။ အလွန် ခင်တွယ်သော တဏှာသံယောဇဉ် ရှိနေကြပါသည်။ ထို့ကြောင့်ပင်လျှင် သားရေး, သမီးရေး, စားရေး, သောက်ရေး, နေရေး, ထိုင်ရေး, ပစ္စည်း ရှာမှီးရေးတို့နှင့်တကွ ပူပန်ကြောင့်ကြ

မှုတို့ကို ဒိဋ္ဌကြုံတွေ့ နေရပါသည်။ ထို့ကြောင့် ဒုက္ခဖြစ်၏ဟု ဖြေဆိုပါသည်။

သမုဒယသစ္စာ မြင်သိပုံ ပြီး၏။

---

မေး။ ။ တဏှာကြောင့် ဒုက္ခဖြစ်၏ဟု မြင်သိလျှင် တဘန် ဘဝတဏှာ ဖြစ်ဦးမည်လော။

ဖြေ။ ။ ရှေးအခါ သဒ္ဓမ္မဟူသော သူတော်ကောင်း တရားကို မကြားမနာရ၍ မမြင်မသိမှုကြောင့် လိုချင်မှု ဖြစ်ခဲ့ပါသည်၊ ယခုမှာ လူ့ဘုံ ကမ္ဘပထ ဆယ်ပါး ထက် လွန်မြတ်သော ဥတ္တရိမနုဿဓမ္မ ဟူသော သူတော်ကောင်းတရား ကြားနာရသဖြင့် အကျိုး အပြစ်ကို ကောင်းစွာ မြင်သိရ ပေသည်။ ထို့ ကြောင့် ဘဝဇာတိကို လိုချင်မှု မရှိတော့ပါ။

မဂ္ဂသစ္စာ အဓိပ္ပါယ် ပြီး၏။

---

မေး။ ။ မိမိ လိုချင်မှုကြောင့် ဖြစ်သော ခန္ဓာဇာတိသည် မိမိပင်လျှင် ပယ်စွန့်က တဘန် ဇာတိဖြစ်နိုင်ဦး မည်လော။

ဖြေ။ ။ ဖြစ်ကြောင်း မရှိလျှင် ဖြစ်မှုချုပ်ရမြဲ ဖြစ်သော ကြောင့် တဏှာမရှိက ဇာတိ ဖြစ်နိုင်ခွင့် မရှိပါ။ ဥပမာ– ဖယောင်းတိုင်ကို အမှီပြု၍ဖြစ်သော မီး တောက်သည် ဖယောင်းတိုင် ကုန်က ငြိမ်းရဘိ

သကဲ့သို့၊ အပင်ကိုမှီ၍ဖြစ်သော အသီးသည် အပင်မရှိက အသီးမဖြစ်နိုင် သကဲ့သို့၊ ထို့အတူ တဏှာမရှိလျှင် ဇာတိ မဖြစ်နိုင်ပါ။ ထို့ကြောင့် အလောဘေန ဇာတိဒုက္ခံ န ဟောတိ၊ ကဿ အလောဘဿ တဏှာယ ပဋိပက္ခတော ဟူသော အဋ္ဌသာလိနီပါဠိ အရ။ အလောဘေန၊ မလိုချင်မှုဟူသော အလောဘကြောင့်။ ဇာတိဒုက္ခံ၊ ဇာတိဒုက္ခသည်။ န ဟောတိ မဖြစ်။ ကဿ၊ အဘယ် ကြောင့်နည်း ဟူမူကား။ အလောဘဿ၊ မလိုချင်မှု၏။ တဏှာယ၊ လိုချင်မှုနှင့်။ ပဋိပက္ခတော၊ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်တည်း။ တဏှာ ချုပ်လျှင် ဇာတိတဘန် မဖြစ်နိုင်ဟူလို။

မေး။ ဇာတိဖြစ်မှု ချုပ်ခြင်းသည်။ ဝါ၊ ချုပ်ရာသည်။ အဘယ်နိဗ္ဗာန် မည်ပါသနည်း။

ဖြေ။ အဇာတိသုခံ ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိအရ အဇာတ နိဗ္ဗာန်မည်ပါသည်။

(နိရောဓသစ္စာ ပြီးပြီ)

သစ္စာလေးပါး အမေး အဖြေ ပြီးပြီ။

---

## သတိပေးစကား

အထူးသတိပေးလိုသည်မှာ ကျမ်းပြုပုဂ္ဂိုလ်၏ တာဝန်အရ မဂ်ဖိုလ်ကိုရကြရန် နည်းအမျိုးမျိုး တို့ဖြင့် စရိုက်အားလျော်စွာ အားထုတ်ကြရန် ရေးထားရပေသည်။

သို့ရာတွင် သောတာပတ္တိ မဂ် အတွက် လောက်ကို မူကား ဤသစ္စာလေးပါး အမေး အဖြေကို အဘန်ဘန်ရှု ဆင်ခြင်ကြပါလျှင်၊ ဒိဋ္ဌိဝိစိကိစ္ဆာချုပ်၍ မဂ်သို့ ရောက် နိုင်ခွင့် ရှိပေသည်။

ထို့ကြောင့် ဤကျမ်းစာအုပ်မှ ထုတ်နှုတ်ပြီးလျှင် စာ ရွက်ပေါ် အသီးအခြားပုံနှိပ်၍ ဓမ္မဒါနပြုကြပါလျှင် သစ္စာ မြင်သိမှုဟူသော ပဋိဝေဓ သာသနာပြု ဒါယကာအဖြစ်သို့ သော်လည်း ရောက်နိုင်သည်ဖြစ်၍၊ ဓမ္မဒါန ဒါယကာတို့ မှာလည်း သောတာပန်စသည်တည်နိုင်ခွင့်ရှိပေ၏ ဟူလို။

သတိပေး စကား ပြီးပြီ။

---

အမေး အဖြေဖြင့် အကျယ် ပြခဲ့ပြီးသော သစ္စာမြင်သိ နည်းကို အကျဉ်းအားဖြင့် ကျက်မှတ်၍ ဆင်ခြင်နည်း ကား—

ဖြစ်လိုမှုကြောင့်၊ ဖြစ်မှု ဇာတိဒုက္ခ၊
ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထိုဒုက္ခ၊
လေးရပ်ဤမျှ မြင်သိက၊ ဖြစ်ထသောတာပန်။

'ဖြစ်လိုမှု' ဟူသည် ဘဝတဏှာ သမုဒယ သစ္စာပင် တည်း။

'ဖြစ်မှုဒုက္ခ' ဟူသည် ဇာတိ စသော ဒုက္ခဖြစ်မှုပင် တည်း။

'ဖြစ်ချင်လိုမှု ပယ်စွန့်ပြု' ဟူသည် ဇာတိဖြစ်မှု၌ အိုနာ သေမှု မမြဲမှု ဆင်းရဲမှု အစိုးမရ အလိုသို့ မလိုက်မှုတို့ကို

မြင်သိသော သမ္မာဒိဋ္ဌိ ဝိပဿနာမဂ်ပင်တည်း။ ‘ချုပ်မှု ထိုဒုက္ခ’ဟူသည် ဇာတိစသော ဒုက္ခတို့ ချုပ်ငြိမ်းသော နိရောဓသစ္စာ နိဗ္ဗာန်ပင်တည်း။ ဤကထာအရ သစ္စာလေးပါးတို့၌ ယုံမှားကင်းလျှင် သောတာပတ္တိမဂ်သို့ ရောက်၏ ဟူလို။

ထို့ပြင် စက္ခု သောတ ဃာန ဇိဝှါ ကာယ မနစသည်တို့၌ ခင်တွယ်သောတဏှာကို ချုပ်ငြိမ်းစေ၍ မဂ်အဆင့်ဆင့်သို့ ရောက်နိုင်ကြောင်းဖြစ်သော ဝိပဿနာကို။ ဝါ၊ ပုတီးစိပ်နည်းကို ပြဦးအံ့။

ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခံ။ ။ဥပ္ပါဒေါ၊ ခန္ဓာဇာတိ ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ အိုနာသေမှု မပြတ်မှုကြောင့် ဆင်းရဲ၏။အနုပ္ပါဒေါ၊ ခန္ဓာဇာတိ ချုပ်ရခြင်းသည်။သုခံ၊ ထိုပြဆိုခဲ့သော ဒုက္ခတို့မှကင်းလွတ်သော နိဗ္ဗာန်ချမ်းသာ ပေတည်း။

ဤသို့ ပုတီးစိပ်ခြင်း ဆင်ခြင်သုံးသပ်ခြင်း အဘန်ဘန် ပြုခဲ့လျှင် ဒုက္ခသစ္စာနှင့် နိရောဓသစ္စာကို ကောင်းစွာ မြင်သိနိုင်ရကား။ တနည်း။ သုခနှင့်ဒုက္ခကို ခွဲခြား၍ မြင်သိရကား။ ရှေးရှေးက မသိမမြင်သော အဝိဇ္ဇာချုပ်၏။အဝိဇ္ဇာချုပ်သဖြင့် ဘဝတဏှာလည်း ချုပ်နိုင်ရကား။ အလွန်အစွမ်းသတ္တိရှိသော ဝိပဿနာ ဖြစ်ပေသည်။

ထိုဝိပဿနာ ဉာဏ်အမြင်ပေါက်ရောက်ခဲ့လျှင် ဇာတိဖြစ်လိုမှုဘက်က၊ တနည်း။လူ့နတ်–ဗြဟ္မာ ချမ်းသာဘက်က ဘယ်လိုပင်စိတ်ကို ဆွဲဦးတော့။ ဝါ၊ ဖြားယောင်းကြ

ဦးတော့ မရနိုင်တော့ပြီ။ ဇာတိချုပ်မှုနှင့်သာ စိတ်သည် ငြိမ်းလေတော့၏။

ဥပမာ၊ အောက်သို့စီးဆင်းနေသော မြစ်ရေအယဉ်ကို အထက်သို့ ဆန်တက်အောင် ပြုခြင်းငှါ မစွမ်းနိုင်သကဲ့သို့၊ ထို့အတူ နိဗ္ဗာန်သို့စီးဝင်သော သောတာပတ္တိမဂ် အယဉ်ကို။ ဝါ၊ ဖြစ်မှု ချုပ်ငြိမ်းလိုသော မဂ်စိတ် ဖိုလ်စိတ် အယဉ်ကို၊ ဖြစ်မှုဘက်က ဆွဲ၍မရနိုင်တော့ပြီ။

တရားအားထုတ်သော ပုဂ္ဂိုလ်တို့အား ပယ်အပ်သော ပဟာတဗ္ဗ၊ ပွားအပ်သော ဘာဝေတဗ္ဗတို့ကို သတိရှိကြစေခြင်းငှါ အကျဉ်းအားဖြင့် ပြဦးအံ့။

၁။ သောတာပတ္တိမဂ်ကို ရလိုလျှင် သောတာပတ္တိမဂ်ကို တားမြစ်တတ်သော ဒိဋ္ဌဓမ္မဝေဒနီယကံကိုပယ်ပါ။

၂။ ဒိဋ္ဌဓမ္မဝေဒနီယကံကို ပယ်လိုလျှင် ဒိဋ္ဌဓမ္မဝေဒနီယကံ ပယ်နည်းကို ပြထားသော ကျမ်းများကို ကြည့်ရှုလေ့လာပါ။ တနည်း။ ဒိဋ္ဌဓမ္မဝေဒနီယကံ ချုပ်ငြိမ်းအောင် ပြောဟောတတ်သော ပညာရှိများထံ ဆည်းကပ်ကြားနာ မှတ်သား၍ အားထုတ်ပါ။

၃။ ဇာတိချုပ်သော နိဗ္ဗာန်ကို ရလိုလျှင် ဇာတိကို အလိုရှိသော ဘဝတဏှာ စသည်ကို ပယ်ပါ။

၄။ ထိုတဏှာကို ပယ်လိုလျှင် ထိုတဏှာကြောင့် ဖြစ်သော ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊

ဝိယေဟိ ဝိပ္ပယောဂေါ၊ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာဟူ၍ ဟောတော်မူသော ဒုက္ခသစ္စာကို နာနာရှုပါ။

၅။ ရုပ်ဓာတ်ကြီး ၄-ပါး၌ ပုဂ္ဂိုလ်သတ္တဝါ ငါ-ငါ၏ ဥစ္စာဟုရှုသော သက္ကာယဒိဋ္ဌိကို ပယ်လိုလျှင် ရူပကာယ၌ရှိသော ဓာတ်ကြီး ၄-ပါးတို့၏ သဘာဝ လက္ခဏာနှင့် သာမည လက္ခဏာတို့ကို ရှုပါ။ ဤသို့ရှုလျှင် ပုဂ္ဂိုလ်သတ္တဝါသဘောမရှိ။ ဓာတ်ကြီး၄-ပါး၏ သဘောမျှသာ ရှိ၏ဟု မြင်သိသဖြင့် အတ္တဒိဋ္ဌိ ချုပ်ပါလိမ့်မည်။

၆။ အပ္ပိယသမ္ပယောဂကို ပယ်လိုလျှင် မုန်းသောသူ ဟု သဘောမထားဘဲ ဥပေက္ခာပြုပါ။

၇။ ဝိယဝိပ္ပယောဂကို ပယ်လိုလျှင် ချစ်သောသူ ဟု မရှုဘဲ ဥပေက္ခာပြုပါ။ ။သဲလွန်စ အနေဖြင့်ပြသော ပဟာတဗ္ဗ ဘာဝေတဗ္ဗကထာ ပြီးပြီ။ အကျယ်ကို သောတာပတ္တိမဂ္ဂ ကထာမှာကြည့်ပါ။

---

## နိဗ္ဗာန်ရှိပုံကို ပြဆိုခြင်း

နိဗ္ဗာန်ရှိပုံ နိဗ္ဗာန်သို့ ရောက်ပုံတို့၌ ယုံမှားခြင်းများ ရှိတတ်ကြ၏။ ထိုယုံမှားခြင်းများ ကင်းကြစေရန်၌ ပါဠိတော် အဋ္ဌကထာများနှင့်တကွ ပြဦးအံ့။

ပဒမစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။
နိဗ္ဗာန မိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။

ဟူ၍ သင်္ဂြိုဟ်ဆရာ အရှင်အနုရုဒ္ဓါက ပြ၏။

အစ္စုတံ၊ ရွေ့လျောခြင်း မရှိထသော။ အစ္စန္တံ၊ စုတိ အဆုံးကို လွန်ထသော။ အသင်္ခတံ၊ သင်္ခတမဟုတ်သော။ ဝါ၊ သင်္ခါရတရားတို့ကဲ့သို့ ဖြစ်ခြင်း ပျက်ခြင်း ဥပါဒ် ဌီ ဘင် မရှိသော။ အနုတ္တရံ၊ တုဘက်ကင်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဝါနမုတ္တာ၊ ဝါနတဏှာမှ လွတ်ကုန်ပြီးသော။ မဟေသယော၊ ကြီးမြတ်သော ပညာရှိသော ဘုရားစသော သူတော်ကောင်းတို့သည်။ နိဗ္ဗာနမိတိ- နိဗ္ဗာနံ ဣတိ၊ နိဗ္ဗာန်ဟူ၍။ ဘာသန္တိ၊ ဆိုတော်မူကြကုန်၏။

**အဓိပ္ပါယ် အထူးမှုကား**

ပရိနိဗ္ဗာန စုတိနောင် ခန္ဓာအသစ် မဖြစ်ဘဲ အနုပ္ပါဒ နိရောဓ သဘောရှိမှုပင် ဟူလို။

သင်္ဂြိုဟ်ဆရာ ပြဆိုသော နိဗ္ဗာန် ပြီးပြီ။

---

မဟာဋီကာ ဆရာ ပြတော်မူသော နိဗ္ဗာန်ကား၊
နိဗ္ဗာနဥ္စ ဥပ္ပါဒါဒိနံ အဘာဝေန အသင်္ခတန္တိ
ပညာယတိ။

ဟိ၊ နိဗ္ဗာန်၏ အသင်္ခတအဖြစ်ကို ထင်စွာ ပြဦးအံ့။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဥပ္ပါဒါဒီနံ၊ ဥပ္ပါဒ, ပဝတ္တ စသည်တို့၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ တနည်း၊ အဘာ

ဝေနှ၊ ဖြစ်မှုရှိခြင်းမှ ဟုတ်သောကြောင့်။ အသင်္ခတဉ္စ၊ အကြောင်းတရားတို့ မပြုပြင်အပ်သော အသင်္ခတတရား ဟူ၍။ ပညာယတိ၊ ထင်ရှား၏။

မဟာဋီကာ ဆရာနည်း ပြီး၏။

---

ဥဒါန်း ပါဠိတော်အရ ပြဦးအံ့

အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ နိဗ္ဗာနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ ဝေဒနာက္ခန္ဓာကဲ့သို့ ဖဿ ဟူသော အကြောင်းကို စွဲ၍ ဖြစ်ခြင်း မရှိသော။ အဘူတံ၊ အကြောင်း မရှိဘဲလည်း ဖြစ်ခြင်း မရှိသော။ အကတံ၊ တစုံတခုသော အကြောင်းမှ မပြုပြင်အပ်သော။ အသင်္ခတံ၊ ဥပါဒ်, ဋ္ဌီ, ဘင် ဟူသော သင်္ခတလက္ခဏာ မရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ သဘောအားဖြင့် ရှိ၏။ ။အဓိပ္ပါယ် ထင်ရှားပါ၏။

ထိုဥဒါန်း ပါဠိတော်အရ၊ အဋ္ဌကထာ ဆရာ ဖွင့်ပြပုံ အနိဗ္ဗတ္တိ သဘာဝတ္တာ အဇာတံ တတောဧဝ အဘူတံ စသည် ဖွင့်၏။

အနိဗ္ဗတ္တိ သဘာဝတ္တာ၊ မဖြစ်ခြင်း သဘော ရှိသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အဇာတံ၊ အဇာတ မည်၏။ တတောဧဝ၊ ထိုသို့ ဖြစ်ခြင်းမရှိဘဲ သဘောအား

ဖြင့် တည်သည်၏ အဖြစ်ကြောင့် သာလျှင်။ အဘူတံ၊ အဘူတမည်၏။

ဥဒါန်းပါဠိတော် အဋ္ဌကထာ ပြီးပြီ။

---

## ထို့ပြင် သတ္တမာဏဝ လုလင်အား သံဝေဂကို ပေးရာ၌ နိဗ္ဗာန်ကို မြတ်စွာဘုရား ဟောတော်မူပုံ

အသင်္ခတံ အပ္ပဋိကူလံ ရုမ္မံ ဓမ္မံ ဟု ဟောတော်မူ၏။

အသင်္ခတံ၊ ဥပါဒ်, ဌီ, ဘင် အားဖြင့် ဖြစ်ခြင်း ပျက်ခြင်း မရှိသော။ အပ္ပဋိကူလံ၊ တစုံတရာ စက်ဆုပ်ဘွယ် မရှိသော။ ရုမ္မံဓမ္မံ ဤနိဗ္ဗာန်တရားသည်။ ။အဓိပ္ပါယ်မှာ သင်္ခါရ တရားတို့၌ ဖြစ်ခြင်း ပျက်ခြင်း ရှိသောကြောင့် စက်ဆုပ်ဘွယ်ရှိ၏။ နိဗ္ဗာန်မူကား ဖြစ်ခြင်း ပျက်ခြင်း သင်္ခတလက္ခဏာ မရှိသောကြောင့် စက်ဆုပ်ဘွယ်မရှိ၊ အလွန် စင်ကြယ်သော တရားဟု သိစေမှုပင်တည်း။

နိဗ္ဗာန်ရှိပုံကို ယုံမှားကင်းစေရန် ပြဆိုချက်များ ပြီးပြီ။

---

## နိဗ္ဗာန်သို့ ရောက်ပုံကို ပြဦးအံ့

တာယ ဒုက္ခနိရောဓံ ဂစ္ဆတိ အာရမ္မဏာ ဝသေန ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ ဖွင့်ပြ၏။

တာယ၊ ဤ အဋ္ဌင်္ဂိက မဂ်ဖြင့်။ ဒုက္ခနိရောဓံ၊ ဒုက္ခနိရောဓ နိဗ္ဗာန်သို့။ အာရမ္မဏာဝသေန၊ အာရုံပြုသော အစွမ်းအားဖြင့်။ ဂစ္ဆတိ၊ ရောက်တတ်၏။

## အခိပ္ပါယ်ကား

နိဗ္ဗာန်သို့ ရောက်၏ ဟူသည် ပုဂ္ဂိုလ် ကိုယ်တိုင် မရောက်အပ်၊ မဂ်စိတ် ဖိုလ်စိတ်တို့သာလျှင် အာရုံပြုသော အားဖြင့် ရောက်အပ်၏ ဟူလို။

သဒ္ဒါနည်းဖြင့် ဥပမာပြသော်၊ မရတိ၊ သေ၏။ မရဏံ နိဂစ္ဆတိ၊ သေခြင်းသို့ ရောက်၏။ ဤသို့ သဒ္ဒါ ပြားသော်လည်း အနက်မှာ သေ၏ဟူသော မရဏအနက် သာပါးသာတည်း။ ထို့အတူ နိဗ္ဗာန်သို့ ရောက်၏ ဟူသည် ဇာတိ စသော ဒုက္ခတို့ တဖန်မဖြစ်မူ၍ • ချုပ်သော အနုပ္ပါဒ နိရောဓပင် ဟူလို။

နိဗ္ဗာန်သို့ ရောက်ပုံ ပြီးပြီ။

---

နိဗ္ဗာန်သို့ရောက်ပုံ မျက်မှောက်ပြုပုံကို အကျဉ်းအားဖြင့် ကျက်မှတ်ရန် ကထာ။ ဟေတုံ ပဋိစ္စ သမ္ဘူတာ၊ ဟေတုဘင်္ဂါ နိရုဇ္ဈရေ။ ဟေတုံ၊ အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ တနည်း၊ ဟေတုံ၊ အမှန်ကို မသိ မမြင် လိုချင်စွဲယူမှု ကံ–အစုဟူသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံကို။ ပဋိစ္စ၊ စွဲ၍။ သမ္ဘူတာ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ စသော အကျိုးတရားတို့သည် ပွားစီး၍ နေကုန်၏။ ဟေတုဘင်္ဂါ၊ အကြောင်း၏ ချုပ်ခြင်းကြောင့်၊ တနည်း။ ဟေတုဘင်္ဂါ၊ အမှန်သိမြင်၊ လိုချင် ပယ်မှု၊ ကံမပြုမှုကြောင့်။ နိရုဇ္ဈရေ၊ ဇာတိ စသော အကျိုးတရားတို့လည်း ချုပ်ရကုန်၏။

အဓိပ္ပါယ်ကား။ ဖြစ်ကြောင်းရှိနေလျှင် ဖြစ်၏။ ဖြစ်ကြောင်း ကုန်လျှင် ချုပ်ငြိမ်း၏။

ဥပမာ။ ဖယောင်း တိုင်ကို အမှီပြု၍ ဖြစ်သော မီး တောက်သည် ဖယောင်းတိုင်ကုန်လျှင် ငြိမ်းရဘိသကဲ့သို့၊ တနည်း၊ အပင်ကို အမှီပြု၍ဖြစ်သော အသီးသည် အပင် သေလျှင် တနည်း၊ အပင်ကို သက်ဖြတ် ဖျက်ဆီးပြစ်လျှင် တဘန် အသီးမဖြစ်နိုင် သကဲ့သို့၊ ထို့အတူ ဇာတိဒုက္ခ ဖြစ်ကြောင်း ကုန်လျှင် ဇာတိစသော ဒုက္ခတို့ ချုပ်ငြိမ်း ခြင်းသို့ ရောက်ရ၏။ ဤသည်လျှင် အကြင် မဂ်အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့ ရောက်သည်မည်၏ ဟူလို။

နိဗ္ဗာန်သို့ ရောက်ပုံ ပြီးပြီ။

---

ထို့ပြင် အကြောင်းရှိက အကျိုးဖြစ်ပုံ၊ အကြောင်း ကုန်က အကျိုးချုပ်ရပုံကို ဒဋ္ဌိကမ္မ ဖြစ်စေခြင်းငှါရင်း၊ ပင်္ဂလသ ပုဂ္ဂိုလ်ဖွေ့ ဖြစ်ခြင်းငှါ ရင်း ပြဦးအံ့။

ဇာတိယာ သတိ ဇရာ မရဏံ ဟောတိ၊ ဇာတိ ယာ အသတိ ဇရာ မရဏံ န ဟောတိ၊ ကသ္မာ အဇာတတ္တာ။

ဇာတိယာ၊ ဇာတိသည်။ သတိ၊ ရှိသော်။ ဇရာ မရဏံ၊ အို,နာ,သေမှုဟူသော အကျိုး တရားသည်။ ဟောတိ ဖြစ်၏။ ဇာတိယာ၊ ဇာတိသည်။ အသတိ၊ မရှိသည်

ရှိသော်။ ဇရာမရဏာံ၊ အို,နာ,သေမှုသည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အဇာတတ္တာ၊ ဖြစ်ခြင်းပင် မရှိသောကြောင့်တည်း။ ။ဟိတ်။

**အဓိပ္ပါယ် အထူးမှုကား**

ဇာတိရှိလျှင် ဇရာမရဏာဖြင့်ပျက်၏။ ပုထုဇဉ်ဟူသမျှ အို,နာ သေမှုကို အလိုမရှိကြ။မအို,မနာ,မသေမှုကို အလိုဆန္ဒရှိကြ၏။ ယင်းသို့ ဆန္ဒ ရှိကြသော်လည်း မရအပ်။ အဘယ့်ကြောင့် မရသနည်းဟူမူ။ ခန္ဓာဇာတိ ရှိခဲ့လျှင် အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာများ ကပ်လျက် ပါရှိနေသောကြောင့်တည်း။ အကယ်၍ ခန္ဓာဇာတိ ဖြစ်ကြောင်း ကုန်ခဲ့လျှင် ဇာတိပင် မဖြစ်တော့ပြီ။ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာနှင့် သေမင်းလည်း မလိုက်နိုင်တော့ပြီ။ သေမင်း၏ မျက်ကွယ် နိဗ္ဗာန်ဟူသည် ဇာတိချုပ်မှုပင် ဟူလို။

ဘဝေ သတိ ဇာတိ ဟောတိ၊
ဘဝေ အသတိ ဇာတိ နဟောတိ။

ဘဝေ၊ ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော ကမ္မဘဝသည်။ သတိ၊ ရှိသော်။ ဇာတိ၊ ဘဝသစ်၌ ရှေးဦးဖြစ်ရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝေ၊ ကုသိုလ်ကံ, အကုသိုလ်ကံသည်။ အသတိ၊ မရှိသော်။ ဇာတိ၊ ဇာတိသည်။ နဟောတိ၊ မဖြစ်။

ဉပါဒါနေ သတိ ဘဝေါ ဟောတိ။
ဉပါဒါနေ အသတိ ဘဝေါ န ဟောတိ။

ဥပါဒါနေ၊ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဟူသော ဥပါဒါန် ၄-ပါးသည်။ သတိ၊ ရှိသော်။ ဘဝေါ၊ ကမ္မဘဝ ဥပပတ္တိဘဝသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနေ၊ ဥပါဒါန် ၄-ပါးသည်။ အသတိ၊ မရှိသော်။ ဘဝေါ၊ ဘဝသည်။ နဟောတိ၊ မဖြစ်။

တဏှာယ သတိ ဥပါဒါနံ ဟောတိ။
တဏှာယ အသတိ ဥပါဒါနံ နဟောတိ။

တဏှာယ၊ တဏှာသည်။ သတိ၊ ရှိသော်။ ဥပါဒါနံ၊ ကြွက်ကို ကြောင် ကိုက်ခဲထားသကဲ့သို့ အမြင်း အသန် စွဲယူ တတ်သော တဏှာ, ဒိဋ္ဌိ, ဥပါဒါန်သည်။ ဟောတိ၊ ဖြစ်၏။ တဏှာယ၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝ တဏှာသည်။ အသတိ၊ မရှိသော်။ ဥပါဒါနံ၊ ဥပါဒါန် ၄-ပါးသည်။ နဟောတိ၊ မဖြစ်။

ဝေဒနာယ သတိ တဏှာ ဟောတိ၊
ဝေဒနာယ အသတိ တဏှာ န ဟောတိ။

ဝေဒနာယ၊ သုခ,ဒုက္ခ,ဥပေက္ခာ,သောမနဿ, ဒေါမနဿ, ဝေဒနာသည်။ သတိ၊ ရှိသော်။ တဏှာ၊ တဏှာသည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာယ၊ သုခ,ဒုက္ခ,ဥပေက္ခာ, သောမနဿ,ဒေါမနဿဝေဒနာသည်။ အသတိ၊ မရှိသော်။ တဏှာ၊ တဏှာသည်။ နဟောတိ၊ မဖြစ်။

ဤ၌ သုခဝေဒနာ သောမနဿ ဝေဒနာ တို့ကြောင့် တဏှာ တိုက်ရိုက်ဖြစ်၏။ ဒုက္ခဝေဒနာ ကြောင့် တဏှာ

တိုက်ရိုက်မဖြစ် သော်လည်း ထိုဒုက္ခဝေဒနာမှ လွတ်လို သောဆန္ဒ တဏှာဖြစ်၏ ဟူလို။

ဖဿေ သတိ ဝေဒနာ ဟောတိ၊
ဖဿေ အသတိ ဝေဒနာ နဟောတိ။

ဖဿေ၊ ဒွါရ, အာရုံ,ဝိညာဏ်,ပေါင်းဆုံခြင်းဟူသော ဖဿသည်။ သတိ၊ ရှိသော်။ ဝေဒနာ၊ ခံစားမှု ဟူသော ဝေဒနာသည်။ ဟောတိ၊ ဖြစ်၏။ ဥပမာ။ အဂ္ဂိနာ .ဖုဋ္ဌဿ ဖဿော၊ ဒါဟောဝိယဒုက္ခ ဝေဒနာ။ အဂ္ဂိနာ၊ မီးနှင့်။ ဖုဋ္ဌဿ၊ ထိခြင်းကဲ့သို့။ ဖဿော၊.ဖဿ စေတသိက်ကို။ ဒဠှဗ္ဗော၊ မှတ်အပ်၏။ ဒါဟောဝိယ၊ ပူလောင်ခြင်းကဲ့သို့။ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာ စေတသိက်ကို။ ဒဠှဗ္ဗာ၊ မှတ်အပ်၏။ ဥပမာ၊ မီးခဲကလေးကို တနေရာ၌ ချထားပါ၊ လက်နှင့် မထိသော် မပူနိုင်ပါ။ လက်နှင့်ထိမှသာ ပူသည် ကို သိသောစိတ် ဖြစ်နိုင်သည်။ ထိုကြောင့် ဖဿသည် ဝေဒနာဖြစ်ကြောင်းတရားထင်ရှား၏။

ဖဿေ၊ ဖဿသည်။ အသတိ၊ မရှိသော်။ ဝေဒနာ၊ ဝေဒနာသည်။ န ဟောတိ၊ မဖြစ်။ မီးနှင့်ထိ၍သာ ပူ၏။ မထိလျှင် မပူနိုင်။ ဤသို့အားဖြင့် အကြောင်းရှိလျှင် အကျိုး ဖြစ်ရတော့၏။ အကြောင်းမရှိလျှင် အကျိုးမဖြစ်နိုင်။ ဤကား ပဋိစ္စသမုပ္ပါဒ်အရ၊ ပစ္စုပ္ပန် အကြောင်း ပစ္စုပ္ပန် အကျိုးဖြစ်ပုံတည်း။ ထို့အတူ၊ သမုဒယသစ္စာ၊ တဏှာ မူလအကြောင်းရှိခဲ့လျှင် ဇာတိစသောမူလအကျိုးဒုက္ခဖြစ် နိုင်၏။ ထိုတဏှာဟူသော ဟေတုအကြောင်း မရှိခဲ့လျှင်။

ဝါ၊ တဏှာချုပ်ငြိမ်းစေလျှင် ဇာတိဟူသော အကျိုး မဖြစ်နိုင်။ အဇာတိ နိဗ္ဗာန်ကို ရလေတော့၏။ ဟူလို။ ဤသို့အားဖြင့်လည်း သမုဒယကြောင့် ဒုက္ခသစ္စာဖြစ်၏။ သမုဒယချုပ်လျှင် ဇာတိစသော ဒုက္ခချုပ်သော နိဗ္ဗာန်ရှိပုံကို ဉာဏ်စက္ခုဖြင့် သိအပ်၏ ဟူလို။

(ဤကား စကားချပ်တည်း)

သဠာယတနေ သတိ ဖဿော ဟောတိ၊
သဠာယတနေ အသတိ ဖဿော န ဟောတိ။

သဠာယတနေ၊ စက္ခုစသော အဇ္ဈတ္တိကာယတန ၆-ပါး။ ရူပါရုံစသော ဗာဟိရာယတန ၆-ပါးသည်။ သတိ၊ ရှိသော်။ ဖဿော၊ စက္ခု သမ္ဖဿ စသော ဖဿ ၆-ပါးသည်။ ဟောတိ၊ ဖြစ်၏။ သဠာယတနေ၊ သဠာယတနသည်။ အသတိ၊ မရှိသော်။ ဖဿော၊ ဖဿသည်။ န ဟောတိ၊ မဖြစ်။

ဤ၌ ရူပကာယလည်းမရှိ ဖေါဋ္ဌဗ္ဗာရုံလည်း မရှိလျှင် ဖဿ မဖြစ်နိုင်။ ။အကယ်၍ ကာယပင် ရှိဦးတော့ ဖေါဋ္ဌဗ္ဗ မရှိလျှင် ကာယဝိညာဏ်စိတ် မဖြစ်နိုင်၊ ဥပမာ မီးခြစ်ဆံပင် ရှိဦးတော့ ကော်ပတ်နှင့် မထိလျှင် မီးတောက် မဖြစ်နိုင် သကဲ့သို့တည်း။

နာမရူပေ သတိ သဠာယတနံ ဟောတိ။
နာမရူပေ အသတိ သဠာယတနံ န ဟောတိ။

နာမရူပေ၊ နာမ်ရုပ်သည်။ သတိ၊ ရှိသော်။ သဠာယတနံ၊ သဠာယတနသည်။ ဟောတိ၊ ဖြစ်၏။ (နာမ်ရုပ်၏

သရုပ်သ၌ာ ရေတွက်နည်းကား၊၊ စိတ် ၈၉–ခုကို အာရုံ သိခြင်း ဝိဇာနနလက္ခဏာ တပါးတည်း ပြု၍ စေတသိက် ၅၂–နှင့် ပေါင်းသော် နာမ် ၅၃-ဖြစ်၏။ ထို ၅၃–နှင့် ရုပ် ၂၈–ကို့သည် နာမ်ရုပ် မည်ကုန်၏)။

နာမရူပေ၊ နာမ်ရုပ်သည်။ အသတိ၊ မရှိသော်။ သဠာ ယတနံ၊ သဠာယတနသည်။ န ဟောတိ၊ မဖြစ်။

ဝိညာဏေ သတိ နာမရူပံ ဟောတိ၊ •

ဝိညာဏေ အသတိ နာမရူပံ န ဟောတိ။

ဝိညာဏေ၊ ဘဝနှစ်ပါးကို တစပ်တည်းကဲ့သို့ စပ် တတ်သည်၏ အဖြစ်ကြောင့် ပဋိသန္ဓေမည်သောဝိညာဏ် စိတ်သည်။ သတိ၊ ရှိသော်။ နာမရူပံ၊ သိတတ်သော နာမ် ၅၃-ခုနှင့် မသိတတ်သော ရုပ် ၂၈-ခုသည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏေ၊ ပဋိသန္ဓေဝိညာဏ်စိတ်သည်။ အသ တိ၊ မရှိသော်၊ နာမရူပံ နာမ်ရုပ် ၂-ပါးသည်။ န ဟော တိ၊ မဖြစ်။

သင်္ခါရေ သတိ ဝိညာဏံ ဟောတိ၊

သင်္ခါရေ အသတိ ဝိညာဏံ န ဟောတိ။

သင်္ခါရေ၊ ကုသိုလ်, အကုသိုလ် စေတနာကံသည်။ သတိ၊ ရှိသော်၊ ဝိညာဏံ၊ ပဋိသန္ဓေ ဝိညာဏ်သည်။ ဟောတိ၊ ဖြစ်၏။ သင်္ခါရေ၊ သင်္ခါရသည်။ အသတိ၊ မရှိ သော်။ ဝိညာဏံ၊ ပဋိသန္ဓေ ဝိညာဏ်သည်၊ န ဟောတိ၊ မဖြစ်။

အဝိဇ္ဇာယ သတိ သင်္ခါရာ ဟောန္တိ၊

အဝိဇ္ဇာယ အသတိ သင်္ခါရာ န ဟောန္တိ။

အဝိဇ္ဇာယ၊ အဝိဇ္ဇာသည်။ တနည်း၊ အဝိဇ္ဇာယ၊ သစ္စာ ၄-ပါး ပဋိစ္စ သမုပ္ပါဒ် တရားတို့ကို ဟုတ်မှန်စွာ မမြင် မသိတတ်သော မောဟ အဝိဇ္ဇာသည်။ သတိ၊ ရှိသော်။ သင်္ခါရာ၊ သင်္ခါရ ဟူသော အကျိုးတရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဝိဇ္ဇာယ၊ အဝိဇ္ဇာသည်။ အသတိ၊ မရှိသော်။ သင်္ခါရာ၊ စေတနာကံ သင်္ခါရတရားတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ။အဘယ့်ကြောင့် သင်္ခါရတရားကို မပြုလုပ်သနည်း ဟူမူ၊ ဒုက္ခဖြစ်ကြောင်း တရားဟု သိသောကြောင့်တည်း။ ဥပမာ၊ မီးဟုသိလျှင် လက်ဖြင့် မထိဝံ့ သကဲ့သို့၊ အဆိပ်သီးဟု သိလျှင် မစားဝံ့သကဲ့သို့၊ ထို့အတူ ဒုက္ခ ဖြစ်မည်ကို သိသဖြင့် ကြောက်သောကြောင့် ဟူလို။

ထို့ကြောင့် ''ဒုက္ခမြင်သိ တဏှာကွာ နိရောဓသို့သာ ညွတ်သည်မဂ်စိတ်'' ဟူသော ကထာအရ ယထာဘူတ အတိုင်း သိမြင်သောသူသည် နိဗ္ဗာန်သို့သာ ညွတ်လေ တော့၏၊ မဂ်ဖိုလ် နိဗ္ဗာန်တို့၌လည်း ယုံမှား ကင်းလေ တော့၏။

ဤတွင် ဓမ္မ ကင်္ခတိ အရ မဂ်ဖိုလ် နိဗ္ဗာန်တို့၌
ယုံမှား ပယ်မှု ပြီးပြီ။

---

ဝေဒနာ ၃-ပါး ဖြစ်ပုံချုပ်ပုံ မဟာသုတ ရှိကြခေရန် ပြဦးအံ့

ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်လေသော သံယောဇဉ် အမည်နှင့် အသုံးမပြုဘဲ ဝဋ်အမည်ဖြင့် သောတာပတ္တိမဂ်၌ ဝဋ်ချုပ်ပုံကို ပြဦးအံ့။

သောတာပတ္တိမဂ်၌ ဒိဋ္ဌိဝိစိကိစ္ဆာ ဟူသော ကိလေသဝဋ် ၂-ပါးချုပ်၏။ ထို ၂-ပါးတို့ ချုပ်လျှင် ခုနစ်ဘဝထက် သံသရာစက် မလည်နိုင် သံသရာစက် ချုပ်ပြတ်ရတော့၏။ ဝဋ်ဟူသော အဓိပ္ပါယ်ကား အနမတဂ္ဂ သံသရာမှစ၍ နိဗ္ဗာန်မရမီ အကြား ထပ်ခါ ထပ်ခါ မပြတ် တဝဲလည်လည် ဖြစ်ပျက်နေမှုကို ဆို၏။

ဥပမာ မျိုးစေ့ကြောင့် အပင်၊ အပင်ကြောင့် မျိုးစေ့၊ ဆိုဘိသကဲ့သို့၊ ကိလေသာဝဋ်ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံဟူသော ကမ္မဝဋ် ဖြစ်၏။ ထို ကမ္မဝဋ်ကြောင့် ၃၁-ဘုံ၌ ပဋိသန္ဓေဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဝိပါကဝဋ် ၅-ပါး ဖြစ်၏။

ထိုဝိပါကဝဋ်၌ ပါရှိသော ဆံပင်, မွေးညှင်း, မျက်စိ, နား, နှာ, အင်္ဂါ, ခြေ, လက်, စသည်တို့ကို တဏှာဒိဋ္ဌိတို့ဖြင့် ငါ ငါ၏ဥစ္စာဟူသော ကိလေသာဝဋ် တဘန်ဖြစ်ပြန်တော့၏။ ယင်းသို့အားဖြင့် ကိလေသာ ဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါက ဇာတိ ဇရာ ဗျာဓိမရဏ အပါယ စသော ဒုက္ခတို့သည် သံသရာ ရဟတ်ချား ဆုံလည် နွားကဲ့သို့ အိုမှုလည်းမဆုံး နာမှုလည်းမဆုံး သေမှုလည်းမဆုံး တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပယ်ကျမှုလည်းမဆုံး ဝဲလှည့်သည့် သစ်တုံးကဲ့သို့ ဆုံးမမြင် စမမြင် ဝဋ်ဒုက္ခတို့ ဖြစ်၍ နေရတော့၏ ဟူလို။

**နှုတ်ရဆောင်ထားရန်**

ဖြစ်လိုမှ ဘဝတဏှာကြောင့် ပြုမှုကမ္မ၊ ထိုထိုကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ ပြည့်ရုံက ဖြစ်ထ ဝိပါက ဇာတိတဖန်၊ ချုပ်

လိုမှုကြောင့် ပွားမှ သမ္ဘာဒိဋ္ဌိ၊ ဘာဝနာ မဂ္ဂ၊ ဤသို့ ဘာဝနာ မဂ္ဂ၊ ပြည့်စုံပါက ချုပ်ရ ဝိပါက ဒုက္ခ။

ထို ကိလေသာဝဋ် ကမ္မဝဋ်၊ ဝိပါကဝဋ်သုံးပါးတို့တွင် ကိလေသဝဋ် မချုပ်လျှင် ကျန်သော ကမ္မဝဋ် ဝိပါကဝဋ် တို့ မချုပ်နိုင်ပုံကို ပြလိုသော အဋ္ဌကထာ ဆရာသည် ယာဝကိလေသဝဋ္ဋံ စသည်ကို မိန့်ဆိုတော်မူပေ၏။

## ဒိနန့်ဆိုပုံ

ယာဝ ကိလေသဝဋ္ဋံ နဥပစ္ဆိဇ္ဇတိ တာဝ အနုပစ္ဆိန္န
ပစ္စယဟာ အနဝဋ္ဌိတံ ပုနပ္ပုနံ ဘမတိယေဝ။

ယာဝ၊ အကြင်မျှလောက်။ ကိလေသဝဋ္ဋံ၊ အမှန်မသိမှု အဝိဇ္ဇာ လိုချင်မှု တဏှာ အမှန်ကိုမမြင် စွဲယူမှု ကျင့်မှု ဒိဋ္ဌိ ကိလေသဝဋ်သည်။ နဥပစ္ဆိဇ္ဇတိ၊ မချုပ်မပြတ်သေး။ တာဝ၊ ထို ကိလေသဝဋ် မချုပ်မပြတ်သေးသမျှ ကာလ ပတ်လုံး။ အနုပစ္ဆိန္န ပစ္စယတာ၊ မပြတ်သေးသော အမြစ် ရှိသည့်၏ အဖြစ်ကြောင့်။ အနဝဋ္ဌိတံ၊ မပြတ် မလတ်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဘမတိယေဝ၊ လည်သည်သာ တည်း။

ထိုဝဋ်ရှိနေလျှင် သံသရာမှ မလွတ်နိုင်ဟု ဆိုလျှင်၊ ထို ဝဋ်ချုပ်မှသာ သံသရာဝဋ်မှ လွတ်နိုင်မည် ဟူသော အဓိပ္ပါယ်ကို သိအပ်၏ ဟူလို။

## ဝဋ်သုံးပါးတို့တွင် ကိလေသဝဋ်၏ အဓိပ္ပါယ်ကို ပြဒြီးအံ့

၁။ အမှန်မသိမှု။ တနည်း။သစ္စာ မသိမှု ထပ်ခါထပ်ခါ ဖြစ်နေမှုသည် အဝိဇ္ဇာ မောဟာ ကိလေသဝဋ်မည်၏။

၂။ ကာမတဏှာ ဘဝတဏှာ စသဖြင့် အာရုံ ၆-ပါးကို ကပ်ငြိမက်မောမှု ထပ်ခါထပ်ခါ ဖြစ်၍ နေခြင်းသည် တဏှာ လောဘဟူသော ကိလေသဝဋ် မည်၏။ •

၃။ ဆံပင်, မွေးညှင်း, မျက်စိ, နား, နှာ, အင်္ဂါ, ခြေ, လက်, ဖဿ, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့သည် ငါတည်း။ ထိုငါသည် ခန္ဓာကိုအစိုးရ၏ အလိုသို့လိုက်စေနိုင်၏ဟု-ယူသော အတ္တဒိဋ္ဌိ၊ တနည်း။ သက္ကာယဒိဋ္ဌိ၊ တဝဲလည်လည် ဖြစ်နေမှုသည် ဒိဋ္ဌိကိလေသဝဋ် မည်၏။

ထိုဝဋ် ၃-ပါးတို့တွင် သောတာပတ္တိမဂ်၌ ဒိဋ္ဌိ ဝိစိကိစ္ဆာ ဟူသော ကိလေသဝဋ်သည် အကြွင်းမဲ့ချုပ်၏။ ဥဒ္ဒစ္စ ဝိစိကိစ္ဆာဟူသော မောဟာမှု ၂-ခုအနက် စိတ်ပြန့်လွင့်တတ်သော ဥဒ္ဒစ္စကျန်၏။ လောဘ၌ ဒိဋ္ဌိနှင့် မယှဉ်သော ဝိပ္ပယုတ်လောဘ ၄-ခုကျန်၏။

ယင်းသို့ပင် ကျန်သော်လည်း ဒိဋ္ဌိ ဝိစိကိစ္ဆာ ၂-ပါး ချုပ်လျှင် အလွန်ဆုံး ခုနစ်ဘဝထက် သံသရာစက် မလည်နိုင် ချုပ်ငြိမ်းရလေတော့၏။

ဤတွင် ဝဋ်သုံးပါးလည်ပုံ ချုပ်ပုံ ပြဆိုပုံ ပြီးပြီ။

## တရားဟောပုဂ္ဂိုလ်နှင့် တရားနာပုဂ္ဂိုလ်တို့ တာဝန်ကို ပြဦးအံ့

အဝိဇ္ဇာ,တဏှာ,ဒိဋ္ဌိ,ဟူသော ကိလေသဝဋ် သုံးပါးတို့တွင် သစ္စာ ၄-ပါးကို မမြင်မသိအောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာသည် အလွန်ငြီးငွေ့ဘွယ် ကောင်း၏။ အဘယ့်ကြောင့်ဆိုသော် သူ့ကိုမပယ်လျှင် သံသရာဘေး အပါယ်ဘေးကိုမှ မလွတ်နိုင်သောကြောင့်တည်း။

ထို့ကြောင့် ထိုအဝိဇ္ဇာကို ငြီးငွေ့ခြင်း၌ ကင်းခြင်း၌ ချုပ်ခြင်း၌ ဟောမှ ဓမ္မကထိကမည့်ကြောင်း နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူ၏။

## ထိုဒေသနာတော်ကို ပြဦးအံ့

အဝိဇ္ဇာယ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ စေ၊ ဓမ္မကထိကော ဘိက္ခူတိ အလံ ဝစနာယ။

ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ မောဟကို၊ တနည်း။ (အဝိဇ္ဇာယ ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခံ ဟု ပဋိသမ္ဘိဒါမဂ်၌ဟောတော်မူသောပါဌ်အရ။ ဖြစ်မှုဟုကာ ပျက်ရဒုက္ခံ၊ ဖြစ်မှုချုပ်မှ ချုပ်မှုဒုက္ခံ၊ ဒုက္ခချုပ်မှ လုံခန်းပြွန်၊ ဖြစ်လိုဆန္ဒ ကျင့်သမျှကား။ တဏှာသမုဒယ သစ္စံ။ ချုပ်လိုဆန္ဒ ကျင့်သမျှကား။ သမ္မာဒိဋ္ဌိ မဂ္ဂသစ္စံ ဟူသော သစ္စာလေးပါးကို မသိမမြင်အောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာကို)။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်း၌။ ဝိရာ

ဂါယ၊ ကင်းခြင်း၌။ နိရောဓာယ ချုပ်ခြင်း၌။ ဓမ္မံ၊ တရားကို။ ဒေသေတိစေ၊ အကယ်၍ ဟောငြားအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဓမ္မကထိကောတိ၊ ဓမ္မကထိက မည်၏ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝစနာယ၊ ပြောဆိုခြင်း၌။ အလံ၊ ထိုက်၏။ ။ဤကား တရားဟောပုဂ္ဂိုလ်၏ တာဝန် တည်း။

အဝိဇ္ဇာယ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ စေ၊ ဓမ္မာနု ဓမ္မ ပဋိပ္ပန္နော ဘိက္ခုတိ အလံ ဝစနာယ။

ယောဘိက္ခု၊ အကြင်သံသရာဘေးကို ရှုလေ့ရှိသော သူသည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ဝါ၊ သစ္စာမသိမှုကို။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်း၌။ ဝိရာဂါယ၊ ကင်းခြင်း၌။ ဝါ၊ မြင် သိအောင်ပြုခြင်း၌။ နိရောဓါယ၊ မြင်သိအောင်ပြု၍ မသိမှု ချုပ်စေခြင်း၌။ ပဋိပန္နော။ ကျင့်သည်။ ဝါ။ သစ္စာကို သိအောင် အားထုတ်သည်။ ဟောတိစေ၊ အကယ်၍ ဖြစ်အံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဝါ၊ ထိုပုဂ္ဂိုလ်ကို။ ဓမ္မာနုဓမ္မပဋိပန္နောတိ။ လောကုတ္တရာ တရားနှင့် လျော် အောင် ကျင့်သော ရဟန်းဟူ၍။ ဝစနာယ၊ ပြောဆိုခြင်း ၌။ အလံ၊ ထိုက်၏။ ။ဤကား တရားနာသော ပုဂ္ဂိုလ် ၏ တာဝန်တည်း။

အဝိဇ္ဇာယ ဘိက္ခု နိဗ္ဗိဒါ ဝိရာဂါ နိရောဓာ အနု ပါဒါယ ဝိမုတ္တော ဒိဋ္ဌဓမ္မ နိဗ္ဗာန ပတ္တော ဘိက္ခုတိ အလံ ဝစနာယ။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ အဝိဇ္ဇာယ၊ သစ္စာ မသိမှုဒ္ဓ။ နိဗ္ဗုဒါ။ ငြိုးငွေ့သည်။ ဝိရာဂါ၊ မသိမှုမှကင်းသည်။ နိရောခါ၊ မသိမှု ချုပ်ငြိမ်းသည်။ အနုပ္ပါဒါန ဝိမုတ္တော၊ တဏှာဒိဋ္ဌိဖြင့် တစုံတရာ စွဲယူခြင်း မရှိသည်။ ဟောတိစေ၊ အကယ်၍ ဖြစ်ငြားအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဝါ၊ ထိုပုဂ္ဂိုလ်ကို။ ဒိဋ္ဌ ဓမ္မ နိဗ္ဗာန ပတ္တော ဘိက္ခုတိ၊ ဒိဋ္ဌဓမ္မ ပစ္စုပ္ပန်ဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုသော။ ဝါ၊ ရောက်သော ရဟန်းဟူ၍။ အလံ၊ ငါဘုရားသည်။ ဝစနာယ၊ ပြောဆိုခြင်းငှါ။ အလံ၊ ထိုက်၏။

ဤဒေသနာတော်၌ အဝိဇ္ဇါယ်မှာ၊ တရားဟော ပုဂ္ဂိုလ်၏ တာဝန်, တရားနာ ပုဂ္ဂိုလ်၏ တာဝန်, ကျင့်သော ပုဂ္ဂိုလ်တို့ အကျိုးပေးရန် တရား တာဝန်ဟု တာဝန် ၃-ပါးကို ပြဆို၏။

ထိုတာဝန်အရ မြတ်စွာဘုရားက မိမိတာဝန်, သာဝကတာဝန်, တရား တာဝန်ဟု သင့်ဥာန်ကျ ဟောတော်မူလိုရကား။

ပရိယတ္တိ ကထနံ မယှံ ဘာရော၊ ပဋိပတ္တိ ပူရဏံ သာဝကာနံ ဘာရော၊ အာနိသံသဒါနံ ဓမ္မာနံ ဘာရော ဟု ဟောပြတော်မူ၏။

ပရိယတ္တိကထနံ၊ သင်ချစ်သားတို့ တတ်သိ လိမ္မာ ဗဟုသုတ ရှိအောင် ပြောဟောရာ၌ကား၊ မယှံ၊ ငါဘုရား၏။ ဘာရော၊ တာဝန်တည်း။ ပဋိပတ္တိပူရဏံ၊ ငါဘုရား ဆုံးမ ဟောကြားတော်မူသည့် အတိုင်း ကောင်းစွာကျင့်

ကြီ အားထုတ်မှုကား။ သာဝကာနံ၊ တပည့် သာဝက တို့၏။ ဘာရော၊ တာဝန်တည်း။ အာနိသံသဒါနံ၊ ကျင့် သောသူတို့သို့ အကျိုးရစေမှုကား။ ဓမ္မာနံ၊ တရားတို့၏။ ဘာရော၊ တာဝန်တည်း။

အချို့သော ပုဂ္ဂိုလ်တို့သည် ဤတရားကို ကျင့်သာ ကျင့်ရသည် ထိုကျင့်သော တရားသည် အကျိုးမှ ရပါ မည်လောဟု ယုံမှားတတ်၏။ မြတ်စွာဘုရားက ယုံမှား မရှိကြနှင့် ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ အရမှာ ပစ္စုပ္ပန် ဒိဋ္ဌ ဓမ္မ ရမှုနှင့် ဒုတိယဘဝစသည်၌ အကျိုးရမည် အမှန် ဟု ဟောတော်မူ၏ ဟူလို။ ။ဤဒေသနာတော် အရ အကယ်၍ ကျင့်ကြံ အားထုတ်ကြလျှင် တရားက သက် သေ ခံပါလိမ့်မည် ဟူလို။

ယခုအခါ ရတနာသုံးပါးအား ဆည်းကပ်မှု, သစ္စာကို သိမှုသည်သာလျှင် အားကိုးရာ ဘေးကင်းရာ အစစ်ဟု အင်္ဂုလိမာလ ရသေ့ကြီးအား ဟောတော်မူကြောင်း။ ထိုသို့ ဟောတော်မူရာမှာလဲ ရတနာသုံးပါးကို ဆည်းကပ်ကိုး ကွယ်မှုဖြင့် သစ္စာ လေးပါး ပြီးစီး ထမြောက် သွားရန် အင်္ဂုလိမာလ ရသေ့ကြီးအား ဟောပုံ ဂါထာတို့ကို ဆောင်၍ ပြဦးအံ့။

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော၊
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ၊
အရိယံ အဋ္ဌင်္ဂိကံမဂ္ဂံ၊ ဒုက္ခူပသမ ဂါမိနံ။

ဧတံခေါ သရဏံ ခေမံ၊ ဧတံသရဏမုတ္တမံ၊
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဓမ္မပဒ ပါဠိတော်-၃-ဂါထာ။

ယောစ၊ အကြင်သူသည်ကား။ ဗုဒ္ဓဉ္စ၊ ဘုရားကိုလည်း ကောင်း။ ဓမ္မဉ္စ၊ တရားကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာကိုလည်းကောင်း။ သရဏံ ဆင်းရဲကို ပယ်ဖျောက်၍ လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်သော ကိုးကွယ်ရာပမူ၍။ ဂတော၊ ဆည်းကပ်၏။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာရင်း။ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခ ဖြစ်ကြောင်း သမုဒယသစ္စာရင်း။ ဒုက္ခဿစ၊ ဒုက္ခ၏ လည်း။ အတိက္ကမံ၊ လွန်မြောက်ရာဖြစ်သော နိရောဓ နိဗ္ဗာန်ရင်း။ အရိယံ။ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါး ရှိသော။ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်ရောက် ကြောင်း ဖြစ်သော။ မဂ္ဂံ၊ သမ္မာဒိဋ္ဌိစသော မဂ်ရင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိ ယသစ္စာတို့ကို။ သမ္မပ္ပညာယ၊ ပညာမဂ်ဖြင့်။ ပဿတိ၊ မြင်သိ၏။ ဧတံ၊ ဤသို့မြင်ခြင်းသည်။ ခေါ၊ စင်စစ်။ ဝါ၊ အဟုတ်ဧကန်။ ခေမံ၊ ဘေးမရှိသော။ သရဏံ၊ ကိုးကွယ် ရာ မည်၏။ ဧတံ၊ ဤသို့မြင်ခြင်းသည်။ ဥတ္တမံ၊ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာ မည်၏။ ဧတံသရဏံ၊ ဤသို့မြတ် သော ကိုးကွယ်ခြင်းကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗဒုက္ခာ၊ အလုံး စုံသော ဇာတိ, ဇရာ, မရဏ, စသော သံသရာဘေး အပါယ်ဘေးမှ။ ပမုစ္စတိ၊ လွတ်၏။

အဓိပ္ပါယ်ကား။ ဘုရားကို ဆည်းကပ်လျှင် ဘုရားက သစ္စာ ၄-ပါးကို သိမြင်ပြီးဖြစ်၍ သိတော်မူတိုင်း လမ်းညွှန်ပြတော်မူ၏။ ဘုရား ညွှန်ပြချက် အတိုင်း ကျင့်လျှင် ဘုရားကို ဆည်းကပ်သည် မည်တော့၏။ ထိုသို့ ဆည်းကပ်လျှင် သစ္စာတရားကိုသိလေတော့၏။သံဃာအရိယာ သူမြတ်တို့လဲ သစ္စာလေးပါးကို သိပြီးဖြစ်၍ မိမိသို့ ဆည်းကပ်လာသူကို ဟုတ်မှန်စွာ သိတိုင်း ညွှန်ပြ၏။ ညွှန်ပြတိုင်း ကျင့်၏။ သစ္စာ ၄-ပါးကို သိ၏။ ဤသို့ဆက်သွယ်သည်ကို နှလုံးသွင်း၍ အင်္ဂုဒတ္တ ရသေ့ကြီးအား ဘုရားရှင် ဟောတော်မူသတည်း။

## ဝတ္ထုသက်သေကား

တပည့် ၁၅၀၀-တို့အား တောကို ကိုးကွယ်ကြ။ တောင်ကို ကိုးကွယ်ကြ။ သစ်ပင်ကို ကိုးကွယ်ကြ။ မီးကို ကိုးကွယ်ကြဟု ဟောခြင်း ကျင့်ခြင်းကို ပြုလုပ်နေသော အင်္ဂုဒတ္တ ရသေ့ကြီးကို အကြောင်းပြု၍ မြတ်စွာဘုရားက ဤကိုးကွယ်ခြင်း တို့ကား ဘေးကင်းသော ကိုးကွယ်ရာမဟုတ်။ ဘုရား, တရား, သံဃာ သစ္စာသိမှတို့ သာလျှင် သံသရာဘေး အပါယ်ဘေးတို့မှ ကင်းသော ကိုးကွယ်ရာအစစ်ဟု ဟောတော်မူရာ၊ ဆရာနှင့် တကွ တပည့် ၁၅၀၀-တို့ပါ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ အဖြစ်သို့ ရောက်ကြကုန်၏။ ဤ၌လည်း တခြားထွေထွေရာရာကိုမဟောဘဲ သစ္စာကို ဟောတော်မူ၏။ ဟောသည့်အခ

တိုင်း ကောင်းစွာမြင်သိ၍ အသုံးရုံသော ဒုက္ခတို့မှကင်းသော နိဗ္ဗာန်ကို ရတော်မူကြပေသည် ဟူလို၊

ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာတဗ္ဗကထာ ပြီးပြီ၊

---

သားတော်ရာဟုလာအား နိဒါနဝဂ္ဂသံယုတ်၌ ဟောတော်မူသော ဝိပဿနာ တရားကို တရားဟော ပုဂ္ဂိုလ်တို့သည်၎င်း တရားနာ ပုဂ္ဂိုလ်တို့သည်၎င်း အတုလိုက်၍ ကျင့်ကြံ အားထုတ်သင့်ကြ၏။ ထို့ကြောင့် ထိုတရား၏ နိဒါန်းကို ရှေးဦးစွာ ပြဦးအံ့။

မြတ်စွာဘုရားသည် အခါတပါးသောနေ့ သာဝတ္ထိမြို့၌ ဆွမ်းခံ၍ ဆွမ်းကိစ္စ ပြီးသည့်နောက် တခြား တပါးသော ရဟန်းတို့ မပါစေဘဲ အန္ဓမည်သော တောအုပ်သို့ သားတော် ရာဟုလာကိုခေါ်၍ ကြွသွားပြီးလျှင် တခုသော သစ်ပင်ကြီးရင်း၌ နိသီဒိုင်ကိုခင်းစေ၍ ထိုင်တော်မူ၏။ ရာဟုလာလည်း အနီး၌ရှိသေစွာထိုင်၍ ရှိခိုးလျက်နေ၏၊ ဤအခါ သားတော် ရာဟုလာအား အာသဝေါ ကုန်စေခြင်းငှါ စက္ခုစသော ဒွါရ ၆-ပါး၊ ရူပါရုံစသော အာရုံ ၆-ပါး။ စက္ခုဝိညာဏ် စသော ဝိညာဏ် ၆-ပါး။ စက္ခုသမ္ဖဿ စသော ဖဿ ၆-ပါး။ စက္ခုသမ္ဖဿဇာဝေဒနာ စသော ဝေဒနာ ၆-ပါးနှင့်တကွဖြစ်သော ဖဿ, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ဖဿပဉ္စမက၊ ထိုတရားတို့၌ ကပ်လျက်ပါရှိနေသော အနိစ္စ, ဒုက္ခ, အနတ္တ,

လက္ခဏာများ ကောင်းစွာ ထင်မြင်စေရန် အမေး အဖြေ နှင့် တကွ ဝေယျာကရဏနည်းဖြင့် ဟောတော်မူ၏။ ထိုဒေသနာတော်အဆုံး၌သားတော် ရာဟုလာသည် အာသဝေါ ကုန်လေတော့၏။ သားတော် ရာဟုလာအား မြတ်စွာဘုရားက တရားဟောမည်ကိုသိသဖြင့် လိုက်ပါလာကြသော ထောင်ပေါင်း များစွာသော ရုက္ခစိုးဘုမ္မစိုး နတ်တို့သည်လည်း သစ္စာကိုသိ၍ သောတာပန်စသည်တည်ကြကုန်၏။

ထို့ကြောင့် ထိုဒေသနာတော်သည် တရားနာသော ပုဂ္ဂိုလ်တို့အား မိမိတို့သန္တာန်၌ နာမ်ရုပ် ဒုက္ခသစ္စာမျှသာ ရှိသည်၏အဖြစ်ကိုရင်း။ ထိုနာမ်ရုပ်တို့၌ ကပ်လျက်ပါသော အနိစ္စ, ဒုက္ခ, အနတ္တ, ဝိပရိဏာမ ဓမ္မတို့ကိုရင်း ကောင်းစွာ မြင်သိစေ၍ ခန္ဓာ နာမ်ရုပ်၌ အတ္တတည်း, သတ္တတည်း, ဇီဝတည်း ဟု မှားသော မိစ္ဆာဒိဋ္ဌိ အယူနှင့်တကွ ရှစ်ပါးသော ဝိပ္ပလ္လာသ ၁၆-ပါးသော ယုံမှားခြင်းကို ချုပ်စေ၍ သောတာပန်စသည် မတည်သေးသော ပုဂ္ဂိုလ်တို့အား သောတာပန် စသည် တည်စေနိုင်သော၊ သောတာပန် တည်ပြီး ပုဂ္ဂိုလ်အား အထက်မဂ်များကို ရနိုင်သောသတ္တိ ရှိသော အလွန်ကြီးကျယ် မြင့်မြတ်သော ဂုဏ်ထူး ဝိသေသရှိသော တရားဖြစ်ပေသည်။ ထို့ကြောင့် မတွန့်မဆုတ် မယုတ်သော ဝိရိယဖြင့်ပွါးများ အားထုတ်ကြပါကုန်လော့။

ဤသည်လျှင် ရာဟုလာအား ဟောသော တရား၏ ဂုဏ်ကိုချီးကျူးသော တရားအဖွင့်များ ပြီးပြီ။

ထို ရာဟုလာသုတ် မရေးမီ ကျမ်းပြုပုဂ္ဂိုလ်သည် အရှင်မဟာဗုဒ္ဓဃောသ ဆရာ၏ နမက္ကာရ ဘုရားရှိခိုးဖြင့် နမောတဿအစားရှိခိုးဦးအံ့။

ယောဇိနော၊ အကြွင် မြတ်စွာဘုရားသည်။ ဗောဓိယံ၊ သဗ္ဗညုတဉာဏ်ကို။ ပေမတော၊ ချစ်မြတ်နိုးခြင်းကြောင့်။ အလဂ္ဂမာနသော၊ ကပ်ငြိခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍။ အနေကဇာတိယံ၊ ဘဝများစွာသော ကိုယ်၏ အဖြစ်၌။ သပုတ္တဒါရံ၊ သားမယားနှင့် တကွသော။ အင်္ဂဇီဝိတမ္ပိ၊ ကိုယ်အင်္ဂါ အသက်ကိုသော်လည်း။ အတ္ထိကာနံ၊ အလိုရှိသော အသျှခံ ပုဂ္ဂိုလ်အား။ အဒါသိ၊ ပေးလှူတော်မူပြီ။ တံမုနိံ၊ ထို မြတ်စွာဘုရားကို။ အဟံ၊ အကျွနု်ပ်သည်။ ဝန္ဒေ၊ ရှိခိုးပါ၏ဘုရား။ ။မည်သူမဆို ကျက်မှတ်၍ ရှိခိုးနိုင်၏။

ပဌာမ ပြီးပြီ။

---

သားတော်ရာဟုလာကို ဟောသောသုတ် ၁၁-သုတ်ရှိ၏။ ယခုရေးသားသော သုတ်ကား နိဒါနသံယုတ်ပါဠိရင်းအကျဉ်း ရေးသားပါအံ့။

ယံ ကိံ မညသိ ရာဟုလ စက္ခုံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ၊ အနိစ္စံ ဘန္တေ။ ယံပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ၊ ဒုက္ခံ ဘန္တေ, ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

အနက်ကား။ ရာဟုလ၊ ချစ်သားရာဟုလာ။ တံ၊ ထို ငါဟောလတံ့သော စကားကို။ တွံ၊ သင်ချစ်သား ရာဟုလာသည်။ကိံ မညသိ၊ အဘယ်သို့ အောက်မေ့ပါသနည်း။ ဝါ၊ အဘယ်သို့ သဘောပေါက်ရောက်ပါသနည်း။

စက္ခုံ၊ စက္ခာယတနသည်။ ဝါ၊ မျက်စိဟူသော ရုပ်သည်။ နိစ္စံဝါ၊ မြဲသလော။ အနိစ္စံဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့။ ပုဋ္ဌ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ၊ ဤစက္ခုသည်။ အနိစ္စံ၊ မမြဲပါဘုရား။

စက္ခုဒွ အနိစ္စလက္ခဏာ ပြီးပြီ။

---

ယံ၊ အကြင်စက္ခုသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော စက္ခုသည်။ ဒုက္ခံဝါ၊ ဆင်းရဲလေသလော။ သုခံဝါ၊ ချမ်းသာလေသလော။ ဣတိ၊ ဤသို့။ ပုဋ္ဌ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ၊ ဤစက္ခုသည်။ ဒုက္ခံ၊ ဆင်းရဲ ဒုက္ခမှန်ပါသည် ဘုရား။

စက္ခုဒွ ဒုက္ခလက္ခဏာ ပြီးပြီ။

---

ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ အကြင်မမြဲ ဆင်းရဲ ဖေါက်လဲဖေါက်ပြန်သော စက္ခုကို။ ဧတံ၊ ဤစက္ခုသည်။ မေ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ ဧသော၊ ဤစက္ခုသည်။ အဟမသ္မိ၊ ငါဖြစ်၏။ ဧသော၊ ဤစက္ခုသည်။ မေ၊ ငါ၏။ အတ္တာ၊အတ္တတည်း။ ဣတိ၊ဤသို့။ သမနုပဿိတုံ၊သုံးသပ်

ခြင်း၌။ ဝါ၊ နှလုံးသွင်းခြင်း၌။ ကလ္လံနု၊ သင့်ပါမည်လော။ ဣတိ၊ ဤသို့။ ပုဋ္ဌ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤသို့ နှလုံးသွင်းခြင်း၌။ နောဟိ၊ မသင့်ပါဘုရား။ သာဓု-သာဓု-ကောင်း၏ဟု အနုမောဒနာ ပြုတော်မူ၏။

စက္ခုဒွိ အနတ္တလက္ခဏာ ပြီးပြီ။

---

တံကိံ မညသိ ရာဟုလ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံသုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိ တုံ ဧတံမမ ဧသောဟ မသ္မိ ဧသောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

အနက်ကို စက္ခုမှာကဲ့သို့ နှလုံးသွင်းပါ။
ရူပါရုံအတွက် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ စက္ခုဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟ မသ္မိ ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

အနက်ကို စက္ခုမှာကဲ့သို့ နှလုံးသွင်းပါ။
စက္ခုဝိညာဏ်အတွက် ပြီးပြီ။

တံ ကိံ မညသိ ရာဟုလ စက္ခုသမ္ဖဿော နိစ္စော ဝါ အနိစ္စော ဝါတိ၊ အနိစ္စော ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟ မသ္မိ ဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

အနက်ကို စက္ခုမှာကဲ့သို့ ရှုပါ။

စက္ခု သမ္ဖဿ ပြီး၏။

---

တံ ကိံ မညသိ ရာဟုလ စက္ခုသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ၊ အနိစ္စာ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိ ဏာမ ဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟ မသ္မိ ဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

အနက်ကို စက္ခုမှာကဲ့သို့ ရှုပါ။

စက္ခု၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခု သမ္ဖဿဇာဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်များ အတွက် ဤတွင် ပြီး၏။

---

တံ ကိံ မညသိ ရာဟုလ သောတံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ

သမနုပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသော မေ
အတ္တာတိ၊ နောဟေတံ ဘန္တေ။

သောတအတွက် ပြီးပြီ၊

---

တံ ကိံ မညသိ ရာဟုလ သဒ္ဒါ နိစ္စာဝါ၊ အနိစ္စာ
ဝါတိ၊ အနိစ္စာ ဘန္တေ၊ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံ
ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊
ကလ္လံနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသော
မေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

သဒ္ဒအတွက် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ သောတ ဝိညာဏံ နိစ္စံဝါ
အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ
သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ
ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟ မသ္မိ
ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

သောတဝိညာဏ် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ သောတသမ္ဖဿော နိစ္စောဝါ
အနိစ္စောဝါတိ၊ အနိစ္စော ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ
တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ

ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟ မသ္မိ ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

သောတသမ္ဖဿ ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ သောတသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ၊ အနိစ္စာ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟ မသ္မိ ဧသောမေ အတ္တာတိ နောဟေတံ ဘန္တေ။

သောတအတွက် ပြီးပြီ။
အနက်ကို စက္ခုမှာကဲ့သို့ ရှုပါ။

---

တံ ကိံ မညသိ ရာဟုလ ဃာနံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟ မသ္မိ ဧသော မေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

ဃာနအတွက် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ဂန္ဓာ နိစ္စာ ဝါ အနိစ္စာ ဝါတိ၊ အနိစ္စာ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု

တံ သမနုပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ။ နောဟေတံ ဘန္တေ။

ဂန္ဓာရုံအတွက် ပြီးပြီ။

တံ ကိံ မညသိ ရာဟုလ ဃာနဝိညာဏံ နိစ္စံဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ။ နောဟေတံ ဘန္တေ။

ဃာန ဝိညာဏ်အတွက် ပြီးပြီ။

တံ ကိံ မညသိ ရာဟုလ ဃာန သမ္ဖဿော နိစ္စောဝါ အနိစ္စောဝါတိ၊ အနိစ္စော ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

ဃာန သမ္ဖဿ ပြီးပြီ။

တံ ကိံ မညတိ ရာဟုလ ဇိဝှါ နိစ္စာဝါ အနိစ္စာဝါတိ၊ အနိစ္စာဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု တံ

သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

ဇိဝှါ အတွက် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ရသော နိစ္စောဝါ အနိစ္စောဝါတိ၊ အနိစ္စော ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နောဟေ တံ ဘန္တေ။

ရသ အတွက် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ဇိဝှါဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟာ မသ္မိ ဧသောမေ အတ္တာတိ၊ နောဟေ တံ ဘန္တေ။

ဇိဝှါဝိညာဏ်အတွက် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ဇိဝှါ သမ္ဖဿော နိစ္စောဝါ အနိစ္စောဝါတိ၊ အနိစ္စော ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ

ဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံမမ ဧသောဟ မသ္မိ ဧသောမေ အတ္တာတိ၊ နောဟေ တံ ဘန္တေ။

ဇိဝှါသမ္ဖဿ ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ဇိဝှါသမ္ဖဿဇာ ဝေဒနာ နိစ္စာဝါ အနိစ္စာဝါတိ၊ အနိစ္စာ ဘန္တေ။ ယံပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံမမ ဧသောဟ မသ္မိ ဧသောမေ အတ္တာတိ နောဟေ တံ ဘန္တေ။

ဇိဝှါယတနအတွက် အားလုံး ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ကာယော နိစ္စော ဝါ အနိစ္စော ဝါတိ၊ အနိစ္စော ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံမမ ဧသောဟ မသ္မိ ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

ကာယအတွက် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ဖော်ဋ္ဌဗ္ဗော နိစ္စော ဝါ အနိစ္စော ဝါတိ၊ အနိစ္စော ဘန္တေ။ ယံပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊

ကလ္လံနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသော
မေ အတ္တာတိ၊ နောဟေ တံ ဘန္တေ။

ဖောဋ္ဌဗ္ဗာယတန အတွက် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ကာယ ဝိညာဏံ နိစ္စံဝါ အနိစ္စံ
ဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊
ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု
တံ သမနုပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသောမေ
အတ္တာတိ၊ နောဟေ တံဘန္တေ။

ကာယဝိညာဏံအတွက် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ကာယသမ္ဖဿော နိစ္စောဝါ
အနိစ္စောဝါတိ၊ အနိစ္စော ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ
သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ
ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ကာယသမ္ဖဿံ ဧတံမမ
ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နောဟေ တံ
ဘန္တေ။

ကာယသမ္ဖဿ ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ကာယသမ္ဖဿဇာ ဝေဒနာ
နိစ္စာဝါ အနိစ္စာဝါတိ၊ အနိစ္စာဘန္တေ။ ယံပနာ နိစ္စံ ဒုက္ခံဝါ
တံ သုခံဝါတိ၊ ဒုက္ခံဘန္တေ၊ ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ

ဓမ္မံ၊ ကလ္လိနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

ကာယအတွက် အားလုံး ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ မနော နိစ္စောဝါ အနိစ္စောဝါ တိ၊ အနိစ္စောဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံသုခံဝါတိ၊ ဒုက္ခံဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လိနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

မနအတွက် ပြီးပြီ။

---

မေး။ ။မန ဟူသည် စိတ် ၇၉-ခုတို့တွင် အဘယ်စိတ်ပါ နည်း။

ဖြေ။ ။ဘဝင် စိတ် ၁၉-ခုပင်တည်း။ ဘဝင် ၁၉-ခုဟူ သည် ဒုက္ခတိအဟိတ် သန္တိရဏစိတ် ၁-ခု၊သုဂတိ အဟိတ် သန္တိရဏစိတ် ၁-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ခုပေါင်း ၁၉-ခု ဖြစ်၏။

ထိုစိတ်တို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ စသော ကိစ္စများရှိ၏။ ဓောဝိထိ အကြား အကြား၌ ဟဒယ ဝတ္ထုကို မှီ၍ ဘဝင်မနောဒွါရ ဖြစ်၏ဟူလို။

မန အဓိပ္ပါယ် ပြီးပြီ။

မေး။ ဓမ္မာရုံ ဟူသည် အဘယ်တို့ပါနည်း။

ဖြေ။ ဓမ္မာရုံဟူသည် ရုပ် ၂၈-ခုအတွင် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ, ဤ ၅- ခုကို ရုပ် ၂၈-ခုတွင် နှုတ်သော် ကျန်ရုပ် ၂၃-ခုသည် ဓမ္မာရုံ မည်၏။ ထို့ပြင် စိတ် စေတသိက် နိဗ္ဗာန် ပညတ်တို့သည် ဓမ္မာရုံ မည်၏။ ထိုဓမ္မာရုံသည် မနောဒွါရ၌ ထိသောအခါ၊ ထိုဓမ္မာရုံကို သိသော မနောဝိညာဏ်ဓာတ်စိတ် ဖြစ်၏။

ဓမ္မအဓိပ္ပါယ် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ ဓမ္မော နိစ္စောဝါ အနိစ္စော ဝါတိ၊ အနိစ္စော ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံ ဝါတိ၊ ဒုက္ခံဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံမမ ဧသော ဟမသ္မိ ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

ဓမ္မ အတွက် ပြီးပြီ။

---

တံ ကိံ မညသိ ရာဟုလ မနော ဝိညာဏံ နိစ္စံဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ ဒုက္ခံဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ ဧတံမမ ဧသောဟ မသ္မိ ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

မနော ဝိညာဏ် ပြီးပြီ

တံ ကိံ မညသိ ရာဟုလ မနောသမ္ဖဿော နိစ္စော ဝါ အနိစ္စော ဝါတိ၊ အနိစ္စော ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နုတံ သမနုပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

မနော သမ္ဖဿ ပြီးပြီ။

---

တံကိံ မညသိ ရာဟုလာ မနောသမ္ဖဿဇာ ဝေဒနာ နိစ္စာဝါ အနိစ္စာဝါတိ၊ အနိစ္စာ ဘန္တေ။ ယံပနာ နိစ္စံ ဒုက္ခံ ဝါ တံသုခံဝါတိ၊ဒုက္ခံ ဘန္တေ။ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ကလ္လံနု တံ သမနု ပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နောဟေ တံ ဘန္တေ။

မနာယတနအတွက် အားလုံး ပြီးပြီ။

---

အနက် အဓိပ္ပါယ်ကို စက္ခာယတနဌ် ပြဆိုခဲ့ ပြီးသည့် အတိုင်း နှလုံးသွင်းပါကုန်။

ဧပသ ရာဟုလ စသော ပုဒ်အများ ကျန်ရှိသေး၏၊ သို့ရာတွင် ပွားများ အားထုတ်မှုကိစ္စ၌ မထူးသောကြောင့် အချို့ ချန်ထားခဲ့ပါသည်၊ လိုရင်း နိဂုံးကိုသာ ပြပါအံ့။

ဧဝံ ဘဂဝတာ ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မာ ရာဟုလော အာသဝေဟိ ဝိမုစ္စိတိ။

ဧ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ဝေယျာကရဏသ္မိံ၊ ဂါထာမဘက် သက်သက်သော ဗျာက

ရိုဏ်းကို။ ဘညမာနေ၊ ဟောတော် မူအပ်သည် ရှိသော်။ အာယသ္မာ ရာဟုလော၊ အရှင်ရာဟုလာသည်။ အာသဝေဟိ၊ အာသဝေါတို့မှ။ ဝိမုစ္စိ၊ လွတ်ပြီ။ ။ခီဏာသဝ ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့ ရောက်လေတော့၏ ဟူလို။

ရာဟုလောဝါဒ ကထာ ပြီးပြီ။

---

ဤသုတ်သည် တဏှာနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော သုတ်ဖြစ်ပါသည်။ အဘယ်သို့ ဆန့်ကျင်ပါသနည်း ဟူမူ၊ တဏှာသည် စက္ခုစသော ဒွါရ ၆-ပါး။ ရူပါရုံစသော အာရုံ ၆-ပါး။ စက္ခုဝိညာဏ် စသော ဝိညာဏ် ၆-ပါး။ စက္ခုသမ္ဖဿ စသော ဖဿ ၆-ပါး။ စက္ခုသမ္ဖဿဇာ ဝေဒနာ ၆-ပါး။ သညာ ၆-ပါး။ သံစေတနာ ၆-ပါး။ တဏှာ ၆-ပါး၊ ဓာတ်၆-ပါး။ ခန္ဓာ ငါးပါးတို့၌ တဏှာသည် ခင်တွယ်မှု မပြတ်ဖြစ်တတ်ကြ၏။ ထိုတဏှာ ခင်တွယ်သော တရားတို့၌ရှိသော မမြဲ ဆင်းရဲ အစိုးမရသော အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာ တို့ကို မြင်သိရကား၊ ဒုက္ခသစ္စာဟု မသိသော အဝိဇ္ဇာချုပ်ရ၏။ ဥပမာ၊ နတ်သ္မီး ယောင် ဆောင်နေသောဘီလူးမကို ဤသူမကား နတ်သ္မီး မဟုတ်၊ ဘီလူးမသာတည်းဟု အမှန်ကို သိသောအခါ ထို ဘီလူးမ၌ ချစ်စိတ် ကုန်ခန်းသကဲ့သို့၊ ထို့အတူ ခန္ဓာ အာယတန တို့ကား အနိစ္စ, ဒုက္ခ, အနတ္တ, ဒုက္ခသစ္စာသာ တည်းဟု အမှန်ကို မြင်လျှင် တဏှာချုပ်ငြိမ်း ရလေ တော့၏။

"ဒုက္ခမြင်သိ တဏှာကွာ၊ နိရောဓသို့သာ ညွတ်သည့် မဂ်စိတ်" ဟူသော ကထာအရ၊ ဒုက္ခကို ဒုက္ခသစ္စာဟု မြင်သိခြင်း။ တဏှာကိုပယ်ခြင်း၊ နိရောဓနိဗ္ဗာန်ကို ညွတ်သော မဂ်စိတ်ကို ဖြစ်စေနိုင်ခြင်း၊ ထို့ကြောင့် ဝိပဿနာသည် အထူး သတ္တိရှိသော ဝိပဿနာ ဖြစ်ပါသည်၊ ထို့ကြောင့် အထူး ပွားများကြပါကုန်။

အကယ်၍ ထိုသုတ်ကို အကျယ် မပွားနိုင်ခဲ့သော်၊ သတိပဋ္ဌာန် အနေဖြင့် ရူပါရုံကို မြင်သည့်အခါ "မြင်, သိ,ဖြစ်,ပျက်,နာမ်ရုပ် ဒုက္ခသစ္စာ။

သဒ္ဒါရုံကို ကြားသည့်အခါ "ကြား, သိ, ဖြစ်, ပျက်, နာမ်ရုပ် ဒုက္ခသစ္စာ။

အနံ့ ဂန္ဓာရုံနှင့် ကြုံသည့်အခါ "နံ့, သိ, ဖြစ်, ပျက်, နာမ်ရုပ် ဒုက္ခသစ္စာ။

ခဲဘွယ်ဘောဇဉ်တို့ကို,,စားသောက်သည့်အခါ"စား, သိ,ဖြစ်,ပျက်, နာမ်ရုပ် ဒုက္ခသစ္စာ။

ကာယ၌ အပူသည်၊ အအေးထိသည်၊ ခလုပ်ထိသည်၊ ဆူးငြိသည်၊ မှက်ကိုက်သည်၊ ခြင်ကိုက်သည်၊ ကြမ်းပိုးကိုက်သည်၊ နူးညံ့သော ဖေါဋ္ဌဗ္ဗာရုံ စသည်တို့ ထိသောအခါ သိသောကာယဝိညာဏ်စိတ်ဖြစ်၍ပျက်၏၊ ဤ ဖြစ်ပျက်ခြင်း၏ တရားကိုယ်ကား နာမ်ရုပ် ဒုက္ခသစ္စာ သာတည်း ဟူ၍ရှင်း ရှုအပ်၏။ ကာမဝိတက်, ဗျာပါဒဝိတက်,ဝိဟိံသဝိတက်,ဖြစ်သော်ရှင်းဝဋ်မှထွက်မြောက်ရန် နေကျွမသက်ပွအကြံ အဝိဟိံသာသက် ပွအကြံ အဗျာပါဒသက်ပွအကြံတို့ဖြစ်သည့်အခါ"ကြံ, သိ, ဖြစ်, ပျက်,

နာမ်ရုပ် ဒုက္ခသစ္စာ''ဤကဲ့သို့ စသည်နှလုံးသွင်း၍ ရုပ
လျှင် ယခင် ရာဟုလာသုတ်မှလာသော ဝိပဿနာများ
အတွင်း ဝင်သဖြင့် တကျော ချုပ်နိုင်ခွင့်ရှိပါ၏။

ထို့ပြင် ထွက်သက် ဝင်သက် ရှုသည့်အခါ၌လည်း၊
''ထွက်, သိ, ဖြစ်, ပျက်, နာမ်ရုပ် ဒုက္ခသစ္စာ'' ''ဝင်,သိ,
ဖြစ်, ပျက်, နာမ်ရုပ် ဒုက္ခသစ္စာ'' ဤသို့ အားဖြင့်လည်း၊
နာမ်ရုပ် ဒုက္ခသစ္စာ ထင်ရှားနိုင်၏ ဟူလို။

ပရိသတ်များသို့ တရားဟောသည့် အခါ ''တံ ကိံ
မညသိရာဟုလ'' အစား၊ တံ ကိံ မညထ ဥပါသကာ
ဥပါသိကာယော စက္ခုံ နိစ္စံဝါ အနိစ္စံဝါ စသည် အမေး
အဖြေပြု၍ ဟောလျှင်၊တနည်း၊ တကာ တဦးကို တရားနာ
ခံထား၍ တရားဟောဆရာ၏ အမေးကို ဖြေလျှင်လည်း
ပရိသတ်များ နားလည်နိုင်ပါသည်။ အထူး လေ့လာခြင်း
များကို ပြုတော်မူကြပါကုန်။

သတိပေး နိဒါန်း ပြီးပြီ။

---

**သောတာပန်တို့၏ သမာဓိ ခိုင်မြဲပုံ ပါဠိတော်**

ယထိန္ဒခီလော ပထဝိသိတော သိယာ၊ စတုဗ္ဘိ
ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊ ယော အရိယသစ္စာနိ
အဝေစ္စပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊ ဧတေန သစ္စေန
သုဝတ္ထိ ဟောတု။

ပထဝိသိတော၊ မြေ၌မြုပ်ထားအပ်သော။ ရုက္ခမိလော၊ ကျောက်စာတိုင်သည်။ စတုဗ္ဘိ၊ အရပ်လေးမျက်နှာမှ လာကုန်သော။ ဝါတေဟိ၊ လေတို့ကြောင့်။ အသမ္ပကမ္ပိယော၊ မတုန်မလှုပ်စေနိုင်သည်။ သိယာယထာ၊ ဖြစ်ရာ၏ သို့။ ဧဝံတထာ၊ ထို့အတူ။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ အဝေစ္စ၊ သောတာပတ္တိ မဂ်ဖြင့် သက်ဝင်၍။ ပဿတိ၊ သိမြင်၏။ သော၊ ထို ပုဂ္ဂိုလ်သည်။ တသူပမံ၊ ထို ကျောက်စာတိုင်နှင့် တူ၏ဟူ၍။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

---

## သမာဓိခိုင်မြဲပုံ ဝတ္ထု သက်သေများကား

ဝိဋူဋဘ က သာကီဝင်မျိုးကိုသာ သတ်လို၏။ သာကီဝင်မျိုး မဟုတ်သူကို မသတ်လို၊ သို့ရာတွင် မြို့ပေါ်မှာ သာကီဝင် ဟုတ်သူ မဟုတ်သူတို့ ရောနှောနေသော ကြောင့် သင်သည် သာကီဝင်မျိုးလောဟု မေး၍၊ သာကီဝင်ဟုတ်ပါသည်ဟု ဝန်ခံမှသတ်၏။ ဤ၌ သာကီဝင်ဟုတ်ပါသည်ဟု ပြောလျှင် သတ်မည်ဟု သိသော်လည်း မေးသောအခါ အသက်ကို ငဲ့ကွက်ခြင်း မရှိဘဲ မုသား မပြောဘဲ သာကီဝင် ဟုတ်ပါသည်ဟု ပြော၏။

ဤကား အရိယတို့၏ သမာဓိ ခိုင်မြဲပုံတည်း။

ထို့ပြင် အရိယာ အဖြစ်သို့ ရောက်ပြီး ပုဂ္ဂိုလ်ကို လောကီ စည်းစိမ်ဖြင့် ဖြားယောင်း သော်လည်း မရနိုင်ပုံ

မှာ သောတာပန် သုပ္ပဗုဒ္ဓ ဥပါသကာသို့ သူဌေး စည်းစိမ်ကို ပေးပါမည်၊ အနူရောဂါကိုလည်း ပျောက်စေပါမည်။ ဘုရားမဟုတ်, တရားမဟုတ်, သံဃာမဟုတ်ဟု ဆိုရန် သိကြားမင်းက ဖြားယောင်းသော်လည်း လောကစည်းစိမ်ကို မငဲ့မူ၍ မဟုတ်မမှန်သည်ကို မဆိုဘဲ၊ သိကြားမင်းကိုသာ တယ်မိုက်သည့် သိကြား ငါ-လူဆင်းရဲ မဟုတ်၊ ငါ့မှာ-သူတော်ကောင်းဥစ္စာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ,ဟိရီ, ဩတ္တပ္ပ ဟူသော ပစ္စည်းရှိသည်ဟု ပြန်ပြောသောအခါ ၊ သိကြားမင်းလည်း ကွယ်လေတော့၏။

ဤသို့ စသည်ဖြင့် သောတာပန်တို့၏ သမာဓိခိုင်မြဲပုံ
ဝတ္ထုသက်သေ ပြဆိုချက် ပြီးပြီ။

---

လူသောတာပန် ကျင့်ဝတ်ကား ဒုစရိုက်ဆယ်ပါးတို့တွင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ၊ မုသာဝါဒ၊ မိစ္ဆာဒိဋ္ဌိ ဤ ၅-ပါးကို ပယ်ရမည်။ အရက်သည် ကာမေသု မိစ္ဆာစာရ ကာယဒုစရိုက်တွင် ပါဝင်သောကြောင့် မသောက်မစားရ။

အသက်မွေးကြောင်း ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာကို မပြောရ၊ ပြောဆိုသော် မဂ်အကျင့်ပျက်၏။ အသက်မွေးကြောင်းမဟုတ်လျှင် သောတာပန်မှာ မဂ်အကျင့်မပျက်ပါ ဟူလို။

## ပုထုဇဉ်ခန္ဓာ၌ အားထားစရာ မရှိပုံ

သစ္စာသိသော အရိယခန္ဓာရမှသာလျှင် ပျက်ခြင်းမရှိသောကြောင့် အားထားရပုံကို ကောသလ မင်းကြီးကို အကြောင်းပြု၍ ဓမ္မပဒ၌ ဟောတော်မူပုံကို ပြဦးအံ့။

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

ဓမ္မပဒ ပါဠိတော်။

သုစိတ္တာ၊ ကောင်းစွာစီချယ်အပ်သဖြင့် အဘိုးအနဂ္ဃ ထိုက်ကုန်သော။ ရာဇရထာ၊ မင်းစီးရထားတို့သည်။ ဇီရန္တိ၊ ဆွေးမြေ့ပျက်စီးခြင်းသို့ ရောက်ကုန်၏။ အထော၊ ထို့မြို့။ သရီရမ္ပိ၊ ကိုယ်ကာယသည်လည်း။ ဇရံ၊ အိုမင်းခြင်းသို့။ ဥပေတိ၊ ရောက်၏။ သတံ၊ ဘုရားစသော သူတော်ကောင်းတို့၏။ ဓမ္မောစ၊ မဂ်ဖိုလ်နိဗ္ဗာန် ဟူသော လောကုတ္တရာတရားသည်မူကား။ ဇရံ၊ ဆွေးမြေ့ပျက်စီးခြင်းသို့။ န ဥပေတိ၊ မရောက်။ ဣတိ၊ ဤသို့။ သန္တော၊ သူတော်ကောင်းတို့သည်။ သဗ္ဘိ၊ သူတော်ကောင်း အချင်းချင်း။ ဟဝေ၊ စင်စစ်။ ပဝေဒယန္တိ၊ ပြောကြားကြကုန်၏။

ထို့ကြောင့် ဒိဒိကျို့မှာ မပျက်မစီးနိုင်သော တကယ်ကိုးကွယ်ရာအစစ်ကို ရအောင်အားထုတ် သင့်ပေသည် ဟူလို။

အားထားရာ တရားအစစ်ကို ပြပုံပြီးပြီ။

ထိုအားထားရာအစစ်ဖြစ်သော အဝိဇ္ဇာ တဏှာ မူလ ၂-ပါးကိုချုပ်စေ၍ မပျက်မစီးနိုင်သော သူတော်ကောင်းတို့၏ သန္တာန်ကိုရခြင်း၌ါ အက္ခရာ ၉-လုံးဖြင့် ပဋိသမ္ဘိဒါမဂ်၌ ဟောသည့်အတိုင်း ပုတီးစိပ်ခြင်း, နှုတ်လုံးသွင်းခြင်း, အဖန်ဖန်ပြုပါလျှင် ထိုမပျက်မစီးနိုင်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ကိုးကွယ်ရာကို ရနိုင်ခွင့်ရှိ၏။

ထို့ကြောင့် ကျက်မှတ်ပွားများကြရန် ပြဦးအံ့။

## ပြဒိုပုံ

''ဇာတိ ဒုက္ခံ၊ အဇာတိ သုခံ''။ ပဋိသမ္ဘိဒါမဂ်၊ ဤပါဠိ၌အက္ခရာ ၉-လုံးမျှသာရှိ၏။သို့ရာတွင် အမှတ်အသားလွယ်၍ အလွန်ခရီးရောက်သော တရားဖြစ်ပေသည်။

ဇာတိ၊ သံသရာ၌ ဇာတိအဘန်ဘန် ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ဇရာမရဏဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။ အဇာတိ၊ ဇာတိတဘန် မဖြစ်ရမူ၍ အနုပ္ပါဒ နိရောဓအားဖြင့် ချုပ်ရခြင်းသည်။ သုခံ၊ ဒိ,နာ,သေမှုတို့မှ ကင်းသောကြောင့် ချမ်းသာ၏။ ဝါ၊ နိဗ္ဗာန်မည်၏။

ထိုညတ်သည် အဝိဇ္ဇာ တဏှာမူလ ၂-ပါးကိုချုပ်စေနိုင်၏။ အဘယ်သို့ချုပ်သနည်းဟူမူ ရှေးအခါက ဇာတိစသည်ကို ဒုက္ခဟုမသိ။ ယခုမှ ခန္ဓာဇာတိရှိလျှင် ဒုက္ခဟုသိ၏။ ထို့ကြောင့် ရှေးရှေးက မသိမှုအဝိဇ္ဇာ ချုပ်၏။ ခန္ဓာဇာတိဖြစ်မှုကို ဒုက္ခဟု သိသောကြောင့် ဘဝတဏှာလည်း တဒင်္ဂအားဖြင့် ချုပ်ရလေတော့၏။ သမုဒ္ဒေ

အားဖြင့် ချုပ်ခြင်း၌ ဖြစ်ခြင်းကင်းသော, ဖြစ်ခြင်းမရှိသော, ချုပ်သော, ငြိမ်းသော, နိဗ္ဗာန်ကို မဂ်စိတ်ဖြင့် အာရုံပြုက သောတာပတ္တိမဂ်သို့ရောက်နိုင်၏။ ထို့ကြောင့် နှုတ်တက်ရအောင် ကျက်မှတ်၍ အဘန်ဘန် ပွားများကြပါကုန်။

ဝိဓိတ္ရှိ၌ အားထားရာတရား မရသေးသော ပုဂ္ဂိုလ်များအတွက် အားထားရာ ရစေသောနည်း ပြဆိုပုံ ဤတွင်ပြီးပြီ။

---

## ဤကျမ်း၏ နိဂုံးချုပ် အစိပ္ပါယ်ကား

သောတာပတ္တိမဂ်၏ ကိစ္စမှာ ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်မှုပင်တည်း။ ထိုဒိဋ္ဌိဝိစိကိစ္ဆာ ပယ်မှုဟူသည်လည်း သမုဒယကြောင့် ဇာတိစသော ဒုက္ခဖြစ်မှု အမှန်ပါဘဲ။ ပုဂ္ဂိုလ်, သတ္တဝါ, လူ,နတ်,ဗြဟ္မာ ဖြစ်မှုမဟုတ်ပါဘူး။

ထိုသမုဒယ တဏှာကို မဂ်အကျင့်ဖြင့် ချုပ်စေခြင်းကြောင့် ဒုက္ခချုပ်မှု နိဗ္ဗာန်အမှန်ပါဘဲ။ ပုဂ္ဂိုလ် သတ္တဝါ ချုပ်မှုမဟုတ်ပါဘူး။

တနည်းဆုံးဖြတ်၍ ဝိစိကိစ္ဆာပယ်ပုံ။ ခန္ဓာဇာတိဖြစ်မှုရှိတာ မကောင်းပါဘူး။ ခန္ဓာဇာတိ ဖြစ်လိုသော ဘဝတဏှာလည်း မကောင်းပါဘူး။

ခန္ဓာဇာတိချုပ်မှု ကောင်းပါသည်။ ခန္ဓာဇာတိ ချုပ်လိုသော မဂ်အကျင့်မှု ကောင်းပါသည်။ ဤသို့ဆုံးဖြတ်

ခြင်းသည်လည်း ယထာဘူတ သမ္မာဒဿန ဖြစ်သော ကြောင့် မဂ်သို့ရောက်နိုင်ခွင့်ရှိပေ၏ ဟူလို။ ။ပြီးပြီ။

ကိလေသာပယ်သတ်ရာ၌။ ဒိပါလောကေန တမဿ တဿတဿ အနုရွှဿ ပဟာနံ ဣဝဟူ၍ အဋ္ဌကထာ ဆရာ ပြဆိုချက်အရကား၊ တမဿ၊ အမိုက်မှောင်ကို။ ဒိပါလောကေန၊ ဆီမီးရောင်ဖြင့်။ ပဟာနံဣဝ၊ ပယ်၏သို့။ ဧဝမေဝ၊ ဤအတူ။ တဿတဿ အနုရွှဿ၊ ထိုထိုအကျိုး မဲ့ဖြစ်သော ကိလေသာကို။ ပဟိယတိ၊ ပယ်အပ်၏။

## ပယ်ပုံ

သစ္စာမသိမှု အဝိဇ္ဇာကြောင့် သံသရာမှ မလွတ်မှုကို ပယ်လိုလျှင် သမ္မာဒိဋ္ဌိညာဏ်ဖြင့် သစ္စာမြင်သိအောင်ပြုမှု ဖြင့် ပယ်ရမည်။

လိုချင်မှု ဘဝတဏှာကြောင့် ဖြစ်သော ဇာတိစသော ဝဋ်ဒုက္ခဖြစ်နေမှုအား ပယ်လိုလျှင် ခန္ဓာ၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို သမ္မာဒိဋ္ဌိ ဝိပဿနာရှုမှုဖြင့် ပယ်ရမည်။

ဇာတိကြောင့်ဖြစ်သော ဇရာမရဏ ဒုက္ခကိုပယ်လို လျှင် ဇာတိဖြစ်လိုသောဆန္ဒဖြင့်ကုသိုလ်ကံကိုမပြု၊ဇာတိ ချုပ်လိုသောဆန္ဒဖြင့် ဝိဝဋ္ဋကုသိုလ်ကို ပြုခြင်းဖြင့်ပယ် ရမည်။

## နှုတ်ရ ဆောင်ထားရန် ကထာ

သစ္စာ မမြင်မသိမှုကြောင့်၊ ဖြစ်မှု သံသာရ ဝဋ်ဒုက္ခာ၊ သစ္စာကို မြင်သိအောင် အားထုတ်ပါလျှင်၊ အဘယ်မှာလျှင် သံသရာဝဋ်မှ မလွတ်မလွတ်ဘဲ ရှိနိုင်တော့မလဲ။ လိုချင်မှု ဘဝတဏှာကြောင့် ဖြစ်သည့် ဇာတိဇရာ မရဏ ဝဋ်ဒုက္ခာ ထိုဘဝတဏှာအား ပယ်ပါလျှင်၊ အဘယ်မှာလျှင် ဇာတိစသော ဝဋ်ဒုက္ခဖြစ်နိုင်တော့မလဲ။

နိဂုံးအဓိပ္ပါယ် ပြီးပြီ။

---

## ဗဟုသုတ အမေး အဖြေ

မေး။ အကြောင်းတရားတို့ အဘန်ဘန် ပြုပြင်အပ်သော တရားနှင့် အကြောင်းတရားတို့ မပြုပြင်အပ်သော တရားတို့ ခြားနားပုံကို သိလိုပါသည်။ သိနိုင်ပုံကို အကျဉ်းအားဖြင့် ပြစေလိုပါသည်။

ဖြေ။ 'ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ' ဟူသော ပင်္ဂသမ္ဘိဒါမဂ်ပါဠိအရ။ ဥပ္ပါဒေါ၊ ခန္ဓာ ဇာတိ ဖြစ်ရခြင်းသည်။ သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရတို့ဖြင့် မပြက်ပြုပြင်အပ်သော သင်္ခါရ ဒုက္ခသစ္စာ တရားတို့သာတည်း။

အနုပ္ပါဒေါ၊ ခန္ဓာဇာတိ မဖြစ်မှု၍ သမုစ္ဆေဒအားဖြင့် ချုပ်ငြိမ်းရခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာပေတည်း။

အနိပ္ပါယ်ကား။ ဖြစ်ခြင်းရှိသော တရားခွဲ ပျက်သော ကြောင့် ထိုပျက်သော ရုပ်နာမ်ခန္ဓာ အဆက်မပြတ်စေ ခြင်း၌ ထပ်ခါထပ်ခါ မပြတ် ကံ စိတ် ဥတု အာဟာရတို့ ဖြင့် ပြုပြင်ရမှု ဒုက္ခရှိ၏။

ဖြစ်ခြင်းမရှိသော အသင်္ခတ နိဗ္ဗာန်မူကား။ ပျက်ခြင်း မရှိသောကြောင့် ပြုပြင်မှု ဒုက္ခမှစ၍ မည်သည့်ဒုက္ခမျှ မရှိ သော အသင်္ခတနိဗ္ဗာန် ချမ်းသာမည်၏ ဟူလို။

## သံဝေဂလင်္ကာ

၁။ သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ သံသာ ရှည်လှပြီ။
၂။ အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြ မရှိပြီ။
၃။ ရအံ့နိုးနိုး၊ လောဘမျိုး၊ အကျိုး ယုတ်လှပြီ။
၄။ လော-ဒေါ-မောဟ၊သုံးဝ ညီးညီး၊လောင်မီးကြီး၊ ဘိစီးလှလေပြီ။
၅။ လောင်မှန်းမသိ၊ မောဟဘိ၊ မိမိ ရိုက်လှပြီ။
၆။ ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ။
၇။ မနုဿတ္တ ဒုလ္လဘ၊ မရများလှပြီ။
၈။ အရတော်လှ၊ ဤဘဝ၊ လှလှကျင့်ထိုက်ပြီ။
၉။ သတိရရ၊ မဂ္ဂဖလ၊ ရအောင်ပြုသင့်ပြီ။
၁၀။ တနေ့ တနေ့၊ နက်ဖန်ရွေ့၊ မမေ့ကောင်းသင့်ပြီ။

---

## မိမိသည် နိဗ္ဗာန်ရပြီဟု သိနိုင်ပုံ

သစ္စာမသိမှု အဝိဇ္ဇာ၊ လိုချင်မှု ဘဝတဏှာ၊ ခန္ဓာ ၅- ပါးကို ငါ-ငါ၏ ဥစ္စာဟု စွဲယူသော ဥပါဒါန်၊ ထို ဥပါဒါန်

ကြောင့်ပြုသော ကံ၊ ထို အကြောင်း ၄-ပါးတို့သည် ဇာတိ ဒုက္ခကို ဖြစ်စေတတ်သော အကြောင်းတရားတို့ မည်ကုန် ၏။

၁။ ဆင်ခြင်ရန် မိမိမှာ သစ္စာသိပြီး ဖြစ်သောကြောင့် မသိတတ်သော အဝိဇ္ဇာ မရှိတော့ပြီ။

၂။ ဇာတိစသည်ကို ဒုက္ခဟု သိသဖြင့် လိုချင်မှု ဘဝတဏှာကိုလည်း ပယ်ပြီးပြီ။

၃။ ခန္ဓာ ၅-ပါးကို ငါ့ကိုယ် ငါ့ဟာဟု စွဲယူမှု၊အစွဲ ဝါဒုပါဒါန်ကိုလည်း ပယ်ပြီးပြီ။

၄။ ဇာတိဖြစ်လိုမှုဖြင့် ကံကိုလည်း မပြုတော့ပြီ။

၅။ ထို့ကြောင့် မိမိမှာ တဖန် ဇာတိ ဖြစ်စေတတ် သော အကြောင်းတရား ၄-ပါးတို့ ကုန်နေပြီ ဖြစ်သောကြောင့် ဇာတိချုပ်သောနိဗ္ဗာန်ကို မိမိ ရပြီဟု သိအပ်၏ ဆုံးဖြတ်အပ်၏ ဟူလို။

## မိမိရသော မဂ်ကို ပစ္စဝေက္ခဏာဖြင့် ပိုင်းခြားနည်း

ဥပ္ပါဒေ အာဒီနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ–အရ နိဗ္ဗာန်ကို အာရုံပြုသော မဂ်စိတ် ဖြစ်သည့်အခါ သတိ ပြုမိသည်လည်းရှိ၏။ မပြုမိသည်လည်းရှိ၏။ ထိုကြောင့် မိမိရသော မဂ်ကို ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ပိုင်းခြား ရမည်။

## ခိုင်းခြားပုံ

၁။ ဥပမာ-သောတာပတ္တိမဂ်အတွက် ပစ္စဝေက္ခဏာ ဆင်ခြင်သည့်အခါ ဒိဋ္ဌိ ဝိစိကိစ္ဆာ အကြွင်းမဲ့ ပယ်ပြီးပြီ၊ ထို့ကြောင့်သောတာပတ္တိမဂ်ကို ရပြီ ဟု သိအပ်၏။

၂၊ သကဒါဂါမိ မဂ်အတွက်ဆင်ခြင်သည့်အခါကြမ်း တန်းသော ဩဠာရိက ကာမရာဂ ဗျာပါဒ ငါ့မှာ မရှိတော့ပြီ၊ ထို့ကြောင့် သကဒါဂါမိ မဂ်ကို ရပြီ ဟု သိအပ်၏။

၃။ အနာဂါမိမဂ် အတွက် ဆင်ခြင်သည့်အခါ သိမ် မွေ့သောကာမရာဂ ဗျာပါဒ ငါ့မှာ မရှိတော့ပြီ၊ ထို့ကြောင့် အနာဂါမိမဂ်ကို ရပြီဟု သိအပ်၏။

၄။ အရဟတ္တ မဂ် အတွက် ဆင်ခြင်သည့်အခါ အ လုံးစုံသောကိလေသာ ငါ့မှာ မရှိတော့ပြီ၊ ထို့ ကြောင့် အရဟတ္တဖိုလ်သို့ရောက်ပြီဟု သိအပ်၏ ဟူသို။

### မေတ္တာ ကထာ

ကျမ်းပြီးသည့်အခါ ကျမ်းပြုဆရာသည် မေတ္တာ ပို့မြဲ ပေတည်း။ အရှင်မဟာ ဗုဒ္ဓဃောသ ဆရာသည်။ ယံ ပတ္တံ ကုသလံ တဿာနုဘာဝေန ပါဏိနော စသဖြင့်မေတ္တာ ပို့၏။

ဤ ကျမ်းပြု ဆရာသည်လည်း မေတ္တာ ကရုဏာနှင့် စပ်သော ဓမ္မပဒ ပါဠိတော်နှင့် မေတ္တာ ပို့ပေတော့အံ့။

၁။ အတ္တာ ဟဝေ ဇိတံ သေယျော၊ ယာ စာယံ ဣတရာ ပဇာ။ အတ္တဒန္တဿ ပေါသဿ၊ နိစ္စသညတ စာရိနော။

၂။ နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟ ဗြဟ္မုနာ။ ဇိတံ အပဇိတံ ကယိရာ၊ တထာရူပဿ ဇန္တုနော။

အတ္တာ၊ ကိုယ်တွင်း လောဘ, ဒေါသ, မောဟ ကိလေသာကို။ ဇိတံ၊ အောင်ခြင်းသည်။ ဝေ၊ ချုပ်ငြိမ်းစေခြင်းသည်။ သေယျော၊ မြတ်၏။ ဣတရာ၊ ဤ မိမိ လောဘ, ဒေါသ,မောဟကို အောင်သည်မှ တပါးသော။ ယာပဇာ၊ အကြင် သတ္တဝါ အပေါင်းသည်။ ပရံ၊ သူတပါးကို။ ဇိနာတိ. အောင်၏။ တဿာပဇာယ၊ ထိုသူတပါးကို အောင်သောသူ၏၊ အယံဇယော၊ ဤ အောင်ခြင်းသည်။ နသေယျော၊ မမြတ်။ အတ္တဒန္တဿ၊ မိမိကိုယ်ကို ဆုံးမပြီးထသော၊ နိစ္စသညတစာရိနော၊ မကောင်းမှုတို့၌ မကျူးလွန်ဘဲ အမြဲရှောင်ကြဉ်လေ့ရှိသော။ တထာရူပဿ၊ ထိုသို့ သဘောရှိသော၊ ဇန္တုနော၊ သတ္တဝါဟု ဆိုအပ်သော။ ပေါသဿ၊ ယောကျ်ား၏။ ဇိတံ၊ အောင်ခြင်းကို၊ အပဇိတံ၊ ရှုံးခြင်းဖြစ်အောင်။ ဒေဝေါဝါ၊ နတ်သည်ပင်း။ နေဝ ကယိရာ၊ မပြုနိုင်ရာ။ ဂန္ဓဗ္ဗောဝါ၊ ဂန္ဓဗ္ဗ နတ်သည်လည်း။ နကယိရာ၊ မပြုရာ။ ဗြဟ္မုနာ၊ ဗြဟ္မာနှင့်။ သဟ၊ တကွ။

မာရော၊ မာရ်မင်းသည်။ နကာယိရာ၊ မပြုနိုင်ရာ။ ။ဤသို့ ကိုယ်တွင်း ကိလေသာကို အောင်မြင်၍ မင်္ဂလိုလ်နိဗ္ဗာန်ကို ရကြစေရန် မေတ္တာပို့၏–ဟူလို။

ထို့ပြင် ပရိယတ္တိ သာသနာ–ပဋိပတ္တိ သာသနာ– ပဋိဝေဓ သာသနာ ကောင်းစွာ တည်တံ့နိုင်စေရန် အတွက် ပစ္စည်း လေးပါးတို့နှင့် လှူဒါန်း ပူဇော်ကြသော ဒါယကာ ဒါယိကာမတို့အား အရောဂါ သုခိတာဟောန္တု၊ ဟူသော ပါဠိအရ။ အရောဂါ၊အနာရောဂါ ကင်းကြကုန်သည်၊သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ထိုမှတပါး အသျှင်မေတ္တာကား။ ထိုထို ပစ္စယ ဒါန၊ တရားအလှူစသော မွေဒါန ဒါယကာတို့မှာ၊သစ္စာ ၄–ပါး ကိုသိကြသည်ဖြစ်၍–သောတာပန်စသည် တည်နိုင်ကြပါ စေကုန်သော်။

မေတ္တာ ကထာ ပြီးပြီ။

ဉာတိ ဘဒ္ဒန္တ ရေဝတ နာမဓေယျေန ရစိတံ၊ာယံ ဒိဋ္ဌိ ဝိဝိကိစ္ဆာ ပဟာတဗ္ဗကထာ နာမော ဂန္ထော နိဋ္ဌိတော။

ဉာတိ၊ ဤသည်လျှင်၊ ဘဒ္ဒန္တ ရေဝတ နာမဓေယျေန၊ အရှင်ရေဝတ အမည်ရှိသော သစ္စဒီပကဆရာတော်သည်၊ ရစိတော၊ စီရင်ရေးသား ပြုစုအပ်သော၊ ဒိဋ္ဌိ ဝိဝိကိစ္ဆာ

ပဟာတဗ္ဗ ကထာနာမေ၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာတဗ္ဗ အမည်ရှိသော၊ အယံ ဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

ဤ ကျမ်းစာ ကြည့်ရှု လေ့လာကုန်သော ပုဂ္ဂိုလ်တို့အား သစ္စာသိ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြပါစေကုန်သော်။

၁၃၁၄။ တန်ခူးလအတွင်းမှာ ပုံနှိပ်၍ ပြီးစီးသည်။

ဤအခါ ကျမ်းပြုပုဂ္ဂိုလ်၏ အသက် ၈၄-နှစ်ထဲသို့ဝင်ပြီ။

## အလှူရှင်စာရင်း

အတွင်းဝန် မဟာသရေစည်သူ ဦးချမ်းသာ ဒေါ်သစ်သစ်နှင့် သားများ (ထွဋ်၊ ခေါင်၊ ကျော်၊ အောင်၊ စိုး) အုပ်ရေ - ၅၀၀။

ဦးရဲထွဋ်လှ B.A. ဒေါ်မြင့်မြင့် B A (Hons) အထက်တန်း နိုင်ငံဝန်ထမ်း အရာရှိ ရန်ကုန် .... .... အုပ်ရေ - ၅၀၀။

ဦးရဲခေါင်ညွန့် B.A.B.L ဒေါ်ခင်မြင့်ဆွေ ဒေါ်သစ်သစ်နှင့် သားများ ၅၂၄-ကုန်သည်လမ်း ရန်ကုန် .... .... အုပ်ရေ - ၅၀၀။